မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ

မခသက

၂၀၂၂ ခုနှစ်
သတင်းလွှာ

ကောင်းကင်သစ်နှင့် မြေကြီးသစ်

(ဟေရှာယ ၆၅း၁၇၊ ဗျာဒိတ် ၂၁း၁-၂၄)

½yg½

ဘုရားသခင်၏ သာသနာတော်မြတ်တည်းဟူသော မြန်မာနိုင်ငံရှိ အသင်းတော်များ တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၊ လူသားတစ်ရပ်လုံး ညီညွတ်ခြင်းနှင့် တလောကလုံး ပြည့်စုံကြွယ်ဝသော အသက်တာအတွက် မြန်မာ့ရေခံမြေခံနှင့်လျှော်ညီစွာ အသင်းတော်များအားလုံး စုစည်းလက်တွဲ၍ အစေခံဝန်ထမ်းရန်။

&ywnvyaqmir

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသည် မြန်မာနိုင်ငံရှိခရစ်ယာန်အသင်းတော်များကို အခြေခံ၍ ဖွဲ့စည်းထားသော ဂိုဏ်းပေါင်းစုံသာသနာ့အဖွဲ့အစည်းဖြစ်ပါသည်။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသည် မြန်မာနိုင်ငံတွင်ရှိသော အသင်းတော်များနှင့် ခရစ်ယာန်အဖွဲ့အစည်းများ အားလုံးစည်းလုံးညီညွတ်၍ တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၊ ဝိညာဉ်သဘော ပြည့်ဝခြင်း၊ ဘက်စုံသာသနာ့လုပ်ငန်း ဖော်ထုတ်လုပ်ဆောင်ခြင်း၊ ပြန်လည်သင့်မြတ်ခြင်း၊ ငြိမ်းချမ်းရေး၊ တရားမျှတခြင်း၊ လူ့ဂုဏ်သိက္ခာမြှင့်တင်ခြင်း၊ ကျား/မ ရေးရာ တန်းတူညီမျှခြင်း၊ အစေခံဝန်ထမ်းခြင်း၊ သက်သေခံခြင်းနှင့် ဘာသာပေါင်းစုံ ချစ်ခင် လက်တွဲလုပ်ဆောင်ခြင်းတို့ကို ဦးတည်လုပ်ဆောင်မည်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်များကို ယုံကြည်ခြင်း နှင့် ကျင့်သုံးမှု အပြန်အလှန်အသိအမှတ်ပြုခြင်း၊ လုပ်ဆောင်နိုင်သော စွမ်းအားပြည့်ဝစေခြင်း၊ တွေ့ဆုံဆွေးနွေးခြင်း၊ ပြည်တွင်းပြည်ပမှ အရင်းအမြစ်များ ဝေမျှဖလှယ်ခြင်း၊ မိတ်ဖက်လုပ်ဆောင်ခြင်း၊ ညှိနှိုင်းစုစည်း လက်တွဲလုပ်ဆောင်ခြင်းများဖြင့် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်။

တာဝန်ခံစာတည်း
သိက္ခာတော်ရဆရာမန်းပါမာစတန်
အယ်ဒီတာ
CPS Team
မျက်နှာဖုံးပန်းချီ
စောဂျနီး

မျက်နှာဖုံးဒီဇိုင်း
စောဖိုးနီ
အတွင်းသရုပ်ဖော်
ညီထွေး (ကလေး)
စာစီစာရိုက်
CPS Team

ပုံနှိပ် –
ကိုမျိုးသန်း
စောင်ရေ –
၁၀၀၀
၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင်
ထုတ်ဝေသည်။

နှုတ်ခွန်းဆက် အမှာစကား

သာသနာပိုင်ချုပ်ကြီးစတီဗင်သန်းမြင့်ဦး

၂၀၂၂ခုနှစ်၏ ခရစ်တော်ယေရှုဖွားမြင်ရာ လမြတ်ဒီဇင်ဘာအတွင်း ချဉ်းနင်းဝင်ရောက်ကာ ယခုနှစ်ကုန်ဆုံး၍ ၂၀၂၃ ခုနှစ်သစ်သို့ ရောက်ရှိတော့မည်ဖြစ်ရာ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီမှ ခရစ္စမတ်၏အဓိက သတင်းစကား ကြီးတစ်ခုဖြစ်သည့် လူသားတို့ ကြံစည်၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ညီအစ်ကိုမောင်နှမများနှင့်အတူ ရှိပါစေဟု ဆန္ဒပြုဆုတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါသည်။

၂၀၂၀ ခုနှစ်မှစ၍ ယခုနှစ်တိုင်အောင် အလွန်ကြီးမားသောမုန်တိုင်းကြီးများအကြား မိုးရွာ၍ရေစီးသည်နှင့် လေတိုက်သဖြင့် ကြီးစွာသော စုံစမ်းခြင်းနှင့်ဒုက္ခများကို အများနည်းတူ ခံစားခဲ့ကြရသော်လည်း အသင်းတော်များသည် ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းအရာ၌ မယိုင်မလဲ ခိုင်မြဲနိုင်ဆဲရှိနေကြသောကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါ၏။

ငြိမ်သက်အေးချမ်းခြင်း၊ သာယာဝပြောခြင်းကို လူသားတို့ အလွန်တောင့်တလိုချင်ကြသော်လည်း လူသားတို့ အတွင်း၌ ကိန်းဝပ်နေသည့် လူသားတို့အားအစွမ်းနှင့် မလွန်ဆန်နိုင်သည့်အပြစ်နှင့် ယင်း၏အားတည်းဟူသော လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ၊ မာန်မာနအစရှိသည်တို့ကို မပယ်ထုတ်၊ မဆေးကြော၊ အမြစ်ဖြတ်ခြင်းမပြုနိုင်မခြင်း မိုးရွာ၍ ရေစီးသည်နှင့် လေပြင်းတိုက်ခြင်းဒါဏ်ကို ကျွန်ုပ်တို့နှင့် ကမ္ဘာလောကကြီးတစ်ခုလုံး ဆက်လက်တွေ့ကြုံရင်ဆိုင်ခံစားနေကြ ရမည်ပင် ဖြစ်သည်။

သို့သော် ကျွန်ုပ်တို့အတွက်၊ ကမ္ဘာလောကကြီးအတွက် ဝမ်းမြောက်ဖွယ်ရာနှင့် မျှော်လင့်စရာကား ထိုအပြစ်နှင့် ယင်း၏အဖိုးအခဖြစ်သော သေခြင်းကို သခင်ယေရှုခရစ်က ကျွန်ုပ်တို့ကိုယ်စား လက်ဝါးကားတိုင်ပေါ်တွင် ခံယူ၊ ခံစား၊ အသေခံ၊ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် အပြီးတိုင် အမြစ်ပြတ် ဆေးကြောပေးခဲ့ပြီး ဖြစ်ခြင်းပင်တည်း။ ထို့ကြောင့် ဤ လူ့ဘောင် လောကအတွင်း၌ အပြစ်နှင့်သေခြင်းက အစိုးမရသော၊ လွတ်မြောက်သော၊ လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ မာန်မာနကင်းသော၊ အတွင်းသဘော စစ်မှန်သော ထာဝရငြိမ်သက်အေးချမ်းခြင်းသည် နက်ရှိုင်းစွာ ဖြစ်တည်နေပြီဖြစ်သည် (လုကာ ၁၇:၂၀)။

ခရစ်ယာန်အသင်းတော်များသည် ထိုရှင်ပြန်ထမြောက်သော ခရစ်တော်ယေရှု၏ ကိုယ်ခန္ဓာဖြစ်သဖြင့် အသင်း တော်များ၌ ထိုနက်ရှိုင်းစစ်မှန်သော လွတ်မြောက်ခြင်းနှင့် ငြိမ်သက်ခြင်းကေန် ရှိနေရမည်၊ ရှိနေပြီဖြစ်ပေသည်။

ထို့ကြောင့် အသင်းတော်များသည် ကြီးလှစွာသော ဒုက္ခမုန်တိုင်းများကြောင့် မျှော်လင့်ရာမဲ့၏ စိတ်ပျက်ဝမ်းနည်း ဆူပွက်လျှက်ရှိသော လောကကြီးအတွက် မျှော်လင့်ဖွယ်ရာ၊ မျှော်ကြည့်စရာ၊ အရိပ်ပေးရာ၊ အေးငြိမ်းစေရာ ဖြစ်ရပေမည်။ မိမိတို့၌ရှိပြီးဖြစ်သော ထိုအတွင်းတန်ဖိုးစစ်ကို သတိပြု၊ ဖော်ထုတ်လှုပ်ရှားသက်ဝင်စေရန်လည်း အထူးနှိုးဆော်တိုက်တွန်း လိုက်ပါသည်။

ပြင်ပမုန်တိုင်းများကား ပြင်းထန်လှပေသည်။ သခင်ယေရှုပြန်ကြွလာသည်အထိ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ မျက်မြင် ရသော ဒုက္ခဆင်းရဲများကို အများနည်းတူ ကျွန်ုပ်တို့ရင်ဆိုင်ခံစားကြရပေမည်။ သို့သော် သခင်ယေရှုတည်းဟူသော ကျောက်ပေါ်၌ တိုက်မြစ်ချလျှက်၊ ကိုယ်တော်၏စကားကိုကြား၍ လက်တွေ့လိုက်နာ လုပ်ဆောင်လျှင် မုန်တိုင်းများအတွင်း မပြိုမလဲဘဲ အောက်ဖော်ပြပါနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အတွက် ဖြစ်ပေလိမ့်မည်။

“ထာဝရဘုရားကို ကိုးစားသောသူ၊ ထာဝရဘုရားကို မိမိကိုးစားရာအကြောင်း ဖြစ်စေသောသူသည် ကောင်းချီး မင်္ဂလာကို ခံအပ်သောသူဖြစ်၏။ ထိုသူသည်ကား၊ ရေရှိသောအရပ်၌ စိုက်၍ မြစ်နားမှာ အမြစ်ဖြာသဖြင့်၊ ပူသောအရှိန် ရောက်ကြောင်းကို မသိ၊ အရွက်မညှိုးနွမ်း၊ မိုးခေါင်သောကာလ၌ စိုးရိမ်စရာမရှိဘဲ၊ အစဉ်အမြဲ အသီးကို သီးတတ်သော အပင်နှင့်တူ၏။” (ယေရမိအနာဂတ္တိကျမ်း ၁၇:၇–၈)

တစ်လုံးတစ်ဝတည်းအမှုတော်မြတ်၌

သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦး

ဥက္ကဋ္ဌ
မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ

အထွေထွေအတွင်းရေးမှူး အမှာစကား

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ – ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ။

"မင်္ဂလာပါ"ဟု မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ (မခသက) မှ မွေးနေ့တော်အကြို နှုတ်ခွန်းဆက်သအပ်ပါသည်။ ယခု ၂၀၂၂ခုနှစ်သည် မခသက၏ တစ်လုံးတစ်ဝတည်းဖြစ်ရေး သာသနာတော်နှစ် (၁၀၈)နှစ်ပြည့် အချိန်အခါ ဖြစ်ပါသည်။

ယခုနှစ်တွင်လည်း ကိုဗစ်(၁၉) အိုမီခရွန်၏ ကူးစက်ရိုက်ခက်မှုကြောင့် မခသက မူလအစီအစဉ်လုပ်ငန်းများကို ရက်ပြောင်းရွှေ့ဆိုင်း၍ လုပ်ဆောင်ခဲ့ရပါသည်။ အိုမီခရွန်သည် ကူးစက်မှုနှုန်း မြန်ဆန်သလို၊ သက်သာပျောက်ကင်းမှု လည်း မြန်ဆန်ပါသည်။ အသက်ဘေးရောက်သည်အထိ ဒုက္ခပေးခြင်းမရှိ၊ ပြင်းထန်မှုမရှိခဲ့ပါ။ သို့သော် ကျွမ်းကျင်ပညာရှင်များက၊ ကူးစက်ခံရသူ၏အတွင်းအားစနစ်ကို ဖျက်ဆီးခဲ့ပြီဖြစ်သောကြောင့် ကူးစက်ခံဖျားနာသူများသည် စားခြင်း၊ အိပ်ခြင်း၊ သွားလာလှုပ်ရှားခြင်းများကို စနစ်တကျ ဆက်လက်လုပ်ဆောင်ပြုမူနေထိုင်ကြရန် အထူးလိုအပ်ပါကြောင်းကို သတိပေးထားပါသည်။

မည်သို့ပင်ဖြစ်စေကာမူ လက်ကိုင်ထားရမည်ဖြစ်သော ရွှေကျမ်းချက်မှာ "အားယူ၍ရဲရင့်ခြင်းရှိလော့၊ မကြောက်နှင့်၊ စိတ်မပျက်နှင့်၊ သွားလေရာရာ၌ သင်၏ဘုရားသခင်ထာဝရဘုရားရှိသည်ဟု မိန့်တော်မူ၏"(ယောရှု ၁:၉)။ နှုတ်ကပတ်တော်က ဖော်ပြမိန့်မှာတော်မူသည့်အတိုင်း သခင့်လက်ကို ဆွဲကိုင်လျက် တစ်လုံးတစ်ဝတည်းအမှုတော်အတွက် ဆက်လက်ချီတက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

တစ်လုံးတစ်ဝတည်းအမှုတော်မြတ်၌
လေးစားစွာဖြင့်

သိက္ခာတော်ရဆရာမန်းပါမာစတန်
အထွေထွေအတွင်းရေးမှူး
မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ

၂၀၂၂ - ၂၀၂၄ ဥက္ကဋ္ဌ အဖွဲ့ဝင်များ

ဥက္ကဋ္ဌ

သာသာနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦး
မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် (အင်္ဂလီကန်)

ဒုတိယ ဥက္ကဋ္ဌများ

ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးမြတ်ဆန်း
ပြည်ထောင်စုမြန်မာနိုင်ငံ
မက်သဒစ်အသင်းတော် (အောက်မြန်မာပြည့်)

ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးကေဇော်နန်
လွတ်လပ်သော တိုင်းရင်းခရစ်ယာန်
သာသနာအသင်းတော်

ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးကောက်ထန်း
မက်သဒစ်အသင်းတော် (အထက်မြန်မာပြည်)

ဆရာမနန်းသူဇာမွန်
မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်

Myanmar Council of Churches

That They All May Be One (John 17: 21)

မာတိကာ

၁ ... ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်အမှာစကား
၂ ... အထွေထွေအတွင်းရေးမှူး၏ အဖွင့်စကား

Bible Study

၅ ... ကောင်းကင်သစ်နှင့် မြေကြီးသစ် ....
ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးကောက်ထန်း

သတင်းကဏ္ဍ

၈ ... အထွေထွေအတွင်းရေးမှူး အစီရင်ခံစာ
၁၁ ... မြို့ပြကျေးလက်သာသနာပြုရေးကော်မတီ
၁၃ ... တစ်လုံးတစ်ဝတည်းဖြစ်ရေးပညာရေးအစီအစဉ်ဌာန
၁၅ ... တစ်လုံးတစ်ဝတည်းဖြစ်ရေးလူငယ်ဌာန
၁၈ ... မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံဓမ္မသီပွဲ
၁၉. .. သာသနာပြုရေးနှင့် တစ်လုံးတစ်ဝတည်းဖြစ်ရေးဌာန
၂၀ ... ဝန်ထမ်းခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဌာန
၂၃ ... တစ်လုံးတစ်ဝတည်းဖြစ်ရေး အမျိုးသမီးလုပ်ငန်း
၂၆ ... Civil Peace Service
၂၉ ... MCC–HIV/AIDS
၃၁ ... ပြည်သူလူထုအခြေပြု ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး စီမံချက်

ဆောင်းပါးကဏ္ဍ

၃၃ ... ဖန်ဆင်းကမ္ဘာ ထိန်းသိမ်းစောင့်ရှောက်ပါ ... ချစ်ရင်ထူး
၃၈ ... ခပ်သိမ်းသော အမှုအရာ ... Rev. M Jar Naw

[Bible Study]

ဂိုဏ်းချုပ်ဆရာတော်ကြီးဦးကောက်ထန်း

ကောင်းကင်သစ် နှင့်မြေကြီးသစ်

အခြေပြုကျမ်းချက် –
ဟေရှာယ ၆၅း၁၇၊ဗျာဒိတ် ၂၁း၁-၂၄

နိဒါန်း

ကျွန်ုပ်အနေဖြင့် သမ္မာကျမ်းစာတွင် တွေ့ရသည့် ဘုရားသခင်မှ ကတိထားတော်မူသော မိုဃ်းကောင်းကင်သစ် (New Heaven) နှင့် မြေကြီးသစ် (New Earth) အကြောင်းကို ဆွေးနွေးဝေမျှလိုပါသည်။ မိုဃ်းကောင်းကင်နှင့် မြေကြီးသည် တွဲလျက်ဖြစ်သော နေရာနှစ်မျိုးဖြစ်ပါသည်။ မိုဃ်းကောင်းကင် ဟု ဆိုရာတွင် ဘုရားသခင် ကျိန်းဝပ်စံပါယ်တော်မူရာ ကောင်းကင်နိုင်ငံတော် (ဘုရားသခင်၏နိုင်ငံတော်)နှင့် မရောထွေးမိစေရန် အရေးကြီးလှပါသည်။ ဤနေရာတွင် ကျွန်ုပ်တို့ဆွေးနွေးမည့် မိုဃ်းကောင်းကင်သည် (ဖေက် ၆း၁၂) တွင် တွေ့ရသည့် နတ်ဆိုးတို့စိုးမိုးသော မိုဃ်းကောင်းကင်နှင့် ဂျူးလူမျိုးတို့၏ အယူအဆအရ ကြယ်နက္ခတ်တာရာများ တည်ရှိရာ မိုဃ်းကောင်းကင်ကိုသာလျှင် ဖြစ်ပါသည်။ ဒုတိယအချက်ဖြစ်သော မြေကြီးသည် ယနေ့ကျွန်ုပ်တို့နေထိုင်ရာ ပထဝီမြေကြီးကိုသာ ဆိုလိုပါသည်။ ယခု မျက်မှောက်ကာလတွင် မိုဃ်းကောင်းကင်တွင်လည်း လေထုညစ်ညမ်းခြင်းမျိုးစုံနှင့် ပြည့်ဝကာ လူသားတို့ကို ဒုက္ခပေးနေပါသည်။ ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာမြေကြီးသည်လည်း

ရေထု၊ မြေထု ညစ်ညမ်းခြင်း၊ ဂေဟာစနစ် ပျက်စီးခြင်းကြောင့် ဖြစ်ပေါ်သော သဘာဝဘေး (Natural Disasters) နှင့် လူလုပ်ဘေး (Man–made Disasters) များကြောင့် လူသားတို့အနေဖြင့် ဘေးဒုက္ခပေါင်းများစွာကို နေ့စဉ်ရက်ဆက် ကြုံတွေ့နေကြရပါသည်။ ၎င်းသည် အာကာသ မိုဃ်းကောင်းကင်နှင့် ဤပထဝီမြေကြီးကို အစိုးရသော စာတန်မာရ်နတ်၏ ဒုက္ခပေးမှုများပင်ဖြစ်ပါသည်။ ယခုကဲ့သို့ လူသားများအတွက် ကောင်းကျိုးမပေးသည့် လက်ရှိမိုဃ်းကောင်းကင်နှင့်မြေကြီးကို ဖျက်ဆီးကာ ကောင်းကင်သစ်နှင့် မြေကြီးသစ် (New Heaven and New Earth) ကို ဘုရားသခင်က ဖန်ဆင်းပေးမည်ဖြစ်ကြောင်း သမ္မာကျမ်းစာတော်မြတ်တွင် ကတိပြုထားခဲ့ခြင်းဖြစ်ပါသည်။

၁။ ထိုသို့ဆိုသော် ကောင်းကင်သစ်နှင့် မြေကြီးသစ်ဆိုသည်မှာ ဘာကိုဆိုလိုပါသလဲ။

What is the meaning of the new heaven and the new earth?

ဗျာဒိတ် ၂၁း၁၈-၂၆ တွင် ဖော်ပြထားချက်အရ ကောင်းကင်သစ်သည် ကျောက်မျက်ရတနာမျိုးစုံ စီခြယ်ထားသောနေရာ၊ အရာခပ်သိမ်းပြီးပြည့်စုံသည့်နေရာ (a perfect place) ချစ်စရာ ကောင်းသောနေရာ (a lovely place)၊ တန်ဖိုးရှိသောနေရာ (a valuable place) ဖြစ်ကြောင်း တွေ့ရသည်။ အနန္တတန်ခိုးရှင် ထာဝရဘုရားနှင့် သိုးသူငယ်တော်တို့ စံမြန်းအုပ်စိုးရာနေရာဖြစ်သည်။ ထိုနေရာတွင် “ထိုမြို့သည် နေ၏အရောင်၊ လ၏အရောင်ကို အလိုမရှိ”။ ဘုရားသခင်၏ ဘုန်းတော်သည် ထိုမြို့ကိုလင်းစေကြောင်း (a place where the light of the glory of God is shining) ကို တွေ့ရသည်။ ဟေရှာယ ၆၅း၁၈တွင် “ငါဖန်ဆင်းလတ္တံ့သောအရာကြောင့် သင်တို့သည် အစဉ် ဝမ်းမြောက်ရွှင်လန်းကြလိမ့်မည်”ဟု ဖော်ပြသောကြောင့် ပျော်ရွှင်ဖွယ်ရာဖြင့် အတိပြီးသောနေရာဖြစ်သည်။ အချုပ်ဆိုရသော် ကောင်းကင်သစ်နှင့်မြေကြီးသစ်သည် ခမည်းတော် ဘုရားသခင်နှင့် သိုးသူငယ်တို့၏အုပ်စိုးမှုကြောင့် သစ်လွင်နေမည် ဖြစ်သည်။

၂။ ခရစ်ယာန်တို့သည် ထိုကောင်းကင်သစ်နှင့်မြေကြီးသစ်ကို အဘယ်ကြောင့် တောင့်တနေကြရသနည်း။

Why do the Christians long for the New Heaven and the New Earth?

၂ပေ ၃း၇ တွင် ယခုရှိသော မိုဃ်းကောင်းကင်နှင့်မြေကြီးမူကား တရားဆုံးဖြတ်၍ အဓမ္မလူတို့ကို ဖျက်ဆီးသောနေ့ရက်တိုင်အောင် ထိုနှုတ်ကပတ်တော်ဖြင့် သိုထားလျက်ရှိ၍ မီးရှို့ခြင်းအလို့ငှာ နေရစ်သတည်းဟု တွေ့ရပါသည်။ ငယ် ၂၀ တွင် မိုဃ်းကောင်းကင်သည် ကြီးစွာသောအသံနှင့်တကွ ပျောက်သွားလိမ့်မည်။ လောကဓာတ်တို့သည် ပူအားကြီး၍ ပျက်ကြလိမ့်မည်။ ဤအကြောင်းအရာတို့သည် သိပ္ပံပညာရှင်များ၏ ခန့်မှန်းချက်နှင့် ကိုက်ညီနေသည်ကို တွေ့ရသည်။ ရောမ ၈း၂၂တွင် “ဤလောက တနိုင်ငံလုံးသည် ယခုတိုင်အောင် တညီတညွတ်တည်း ညည်းတွား၍ ဆင်းရဲခြင်း ဝေဒနာကိုခံရသည်ဟု ငါတို့သိကြ၏”ဟု ဖော်ပြထားသည်နှင့်အညီ ရေမြေတောတောင် သဘာဝ၊ တိရိစ္ဆာန်လောက၊ လေထု၊ ရေထု၊ မြေထုနှင့်ဖန်ဆင်းခံအရာအားလုံးသည် အတိဒုက္ခရောက်နေကြရပြီ ဖြစ်သောကြောင့် လူသားတို့သည် ပို၍ကောင်းသော ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို မျှော်လင့်တောင့်တနေကြခြင်းဖြစ်ပါသည်။

၃။ကောင်းကင်သစ်နှင့်မြေကြီးသစ်ကိုမည်သို့ဝင်စားရမည်နည်း။

How to get to the New Heaven and the New Earth?

ဟေရှာယ ၆း၃ အရ ဘုရားသခင်အုပ်စိုးရာနေရာသည် သန့်ရှင်းသောနေရာဖြစ်သည်။ ဘုရားသခင်သည်လည်း သန့်ရှင်းသောဘုရားဖြစ်သည်။ ကောင်းကင်တမန်များကပင်လျှင် မျက်စိဖြင့် မကြည့်ရဲသည်အထိ သန့်ရှင်းကြောင်း တွေ့ရသည်။ ထို့ကြောင့် ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် သန့်ရှင်းခြင်းသည် အရေးကြီးဆုံးဖြစ်သည်။ ဆာလံ ၁၃၃း၁၂ တွင် "ညီအစ်ကိုတို့သည် သဘောတူလျက် ပေါင်းဖော်ကြသည့်အရာမှာ အလွန်ကောင်းပေ၏။ အလွန်တင့်တယ်လျောက်ပတ်ပေ၏။------ထိုသို့နေကြသောအရပ်၌ ဘုရားသခင်သည် အစဉ်အမြဲ အသက်ရှင်ခြင်းအခွင့်တည်းဟူသော ကောင်းချီးမင်္ဂလာကို စီရင်တော်မူ၏” ဟု ဖော်ပြထားခြင်းကြောင့် ခရစ်ယာန်တို့သည် ဂိုဏ်းဂနအားဖြင့် မည်သို့ပင် ကွဲပြားကြစေကာမူ ညီအစ်ကိုကဲ့သို့ ချစ်ခင်ပေါင်းစည်းကြမည်ဆိုလျှင် ကောင်းကင်သစ်နှင့်မြေကြီးသစ်ကို အမှန်ပင်ခံစားကြရမည်ဖြစ်သည်။

နိဂုံး

နိဂုံးအားဖြင့်ဆိုရသော် အထက်က ဖော်ပြခဲ့ပြီးသည့်အတိုင်း မိုဃ်းကောင်းကင်ကို အုပ်စိုးသော စာတန်မာရ်နတ်၏ မှောင်မိုက် တန်ခိုးကို ဘုရားသခင်သည် ပယ်ရှင်းတော်မူမည်ဖြစ်သည်။ မြေကြီးပေါ်တွင်လည်း ချစ်ခြင်း(love)၊ စည်းလုံးခြင်း(unity)၊ သဟဇာတ ဖြစ်ခြင်း(harmony) တို့ဖြင့် ပြည့်ဝနေမည်ဖြစ်သည်။ လူသားအချင်းချင်း၊ တိရိစ္ဆာန်အချင်းချင်း လူသားနှင့်အပင်လောက၊ လူသားနှင့် တိရိစ္ဆာန်လောကတို့၏ကြားတွင် သဟဇာတဖြစ်ခြင်းကို တည်ဆောက်ခြင်းတည်းဟူသော တစ်လုံး တစ်ဝတည်း အမှုတော်မြတ်အားဖြင့် စာတန်မာရ်နတ်၏ ပရိယာယ်များကို ပယ်ရှင်းလျက် ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ရရှိခံစားကြရမည်ဖြစ်ကြောင်း ဝေမျှလိုက်ရပါသည်။ (ဟေရှာယ ၁၁း၆-၉)။

ဂိုဏ်းချုပ်ဆရာတော်ကြီးဦးကောက်ထန်း

မက်သဒစ်အသင်းတော် (အထက်မြန်မာပြည်)

(11) Budrjrufurf Çoif;awmfrsm;aumifpDa0;aGG&DcH

၂၀၂၂ခုနှစ်၊ ဩဂုတ်လ(၃၁)မှ စက်တင်ဘာလ (၈)ရက်နေ့အထိ
ဂျာမနီနိုင်ငံ၊ ကားလ်စရူးမြို့။

"Christ's love move the world to reconciliation and unity"

သခင်ဘုရား၏ပို့ဆောင်လမ်းပြတော်မူသောကျေးဇူးတော်မြတ်ကြောင့် (၈)နှစ်မှတစ်ကြိမ်ပြုလုပ်သော၊ (၁၁)ကြိမ်မြောက် ကမ္ဘာ့အသင်းတော်များကောင်စီ၏ အထွေထွေညီလာခံကြီးသို့ တက်ရောက်ပါဝင်နိုင်ခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံပေါင်း(၁၂၀)ကျော်မှ အဖွဲ့ဝင်(၃၀၀)ကျော်၊ အမှုတော်ဆောင်များနှင့်အသင်းသူ/သားများ စုစုပေါင်း (၃၀၀၀)ကျော်တက်ရောက်ခဲ့ပါသည်။

တွေ့ဆုံရင်းနှီးခဲ့ရပါသော ညီလာခံသို့ တက်ရောက်လာသူများက ပြောကြားလာသော တူညီသည့် အားပေးစကားများမှာ - "မင်းတို့တစ်ယောက်တည်း အထီးကျန် မဖြစ်စေရပါဘူး။ ငါတို့ဝိုင်းပြီးကူညီမစသွားပါမယ်။" ဟူ၍ ဖြစ်ပါသည်။ အလွန်ခွန်အားဖြစ်စေပါသည်။ အပြစ်တင် အမုန်းစကားများနှင့် မွန်းကြပ်နေသော နေ့စဉ်အသက်တာမှ ထွက်ပေါက်ကိုရစေသော စကား ဖြစ်ပါကြောင်းကို ပြန်လည်ဝေမျှလိုက်ပါသည်။

ထိုထက်ပို၍ခွန်အားကိုဖြစ်စေသော သမ္မာကျမ်းစာ သင်ကြားခြင်းမှ- ကျမ်းချက်များနှင့် အဓိကအချက်များကို လည်း ဆက်လက်ဖော်ပြထားပါသောကြောင့်၊ မဖြစ်မနေဖတ်ရှု၍ခွန်အားယူစေလိုပါသည်။



၁. စက်တင်ဘာလ၊၂၀၂၂ခုနှစ်

အဓိကအချက် "The purpose of God's love in Christ for the whole creation" (Reconciliation and Unity)

ရွေးကျမ်းချက် Col 1:19, Eph 1:10, Matt 9:35 (Christ's Compassion)

၂. စက်တင်ဘာလ၊ ၂၀၂၂ခုနှစ်

အဓိကအချက် "Europe"

ရွေးကျမ်းချက် Luke 10:25-37 (Good Samaritan)

၃. စက်တင်ဘာလ၊ ၂၀၂၂ခုနှစ်

အဓိအချက် Christ's love (Compassion for life)

ရွေးကျမ်းချက် John 9:1-12

၄. စက်တင်ဘာလ၊ ၂၀၂၂ ခုနှစ်

အဓိကအချက် Christ's love (Transforming Discipleship)

ရွေးကျမ်းချက် Matthew 15:21 (Canaanite Woman)

၅. စက်တင်ဘာ၊ ၂၀၂၂ခုနှစ်

အဓိကအချက် Christ's love (The bond of Christian unity and the church's commitment.

ရွေးကျမ်းချက် Matthew 20:20-28

taxGEwf&;rStpDfH

နိဒါန်း

အဖဘုရားသခင်၏ ကျေးဇူးတော်ကို ခံစား၍ ချီးမွမ်းလျက်၊ COVID–19 စတုတ္ထလှိုင်းကို ကျော်ဖြတ်လျက်၊ "ကောင်းကင်သစ်နှင့် မြေကြီးသစ်"ကို မျှော်လင့်လျက် တစ်လုံးတစ်ဝတည်း အမှုတော်မြတ်အတွက် အခက်အခဲအမျိုးမျိုးကြားမှ ကူညီပံ့ပိုးပေးကြကုန်သော အဖွဲ့ဝင်အသင်းတော်များ၊ ပူးပေါင်းဆက်သွယ်သောအဖွဲ့များနှင့် ဒေသန္တရအသင်းတော်ကောင်စီများမှ လုပ်ဖော်ဆောင်ဖက် ဆရာ/ဆရာမများကို ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလျက် ဤအစီရင်ခံစာကို တင်သွင်းအပ်ပါသည်။

၁။ တစ်လုံးတစ်ဝတည်းဖြစ်ရေး လုပ်ငန်းများ၌ ဦးဆောင်ကျင်းပဆင်နွှဲခြင်း၊ လက်တွဲလုပ်ဆောင်ခြင်း၊ ဆွေးနွေးခြင်း၊ မိတ်သဟာယဖွဲ့ခြင်း။

(က) ၂၀၂၂ ခုနှစ် ဇွန်လ (၁–၃)ရက်များအတွင်း မြန်မာနိုင်ငံ နှစ်ခြင်း အသင်းချုပ်၌ (၈၈)ကြိမ်မြောက် မသက သင်းလုံးကျွတ် အစည်းအဝေးကြီးကို Zoom Meeting စနစ်ဖြင့် ကောင်းမွန်စွာ ကျင်းပ ပြုလုပ်နိုင်ခဲ့ပါသည်။ COVID–19 နှင့် နိုင်ငံရေးအခြေအနေများကြောင့် (၂) နှစ် နောက်ကျပြုလုပ်ခဲ့ရပါသည်။ အဖွဲ့ဝင်အသင်းတော်များမှ ကိုယ်စားလှယ်တော်များ၊ ပူးပေါင်းဆက်သွယ်သောအဖွဲ့များမှ ကိုယ်စားလှယ်များ ဒေသန္တရခရစ်ယာန်အသင်းတော်များကောင်စီမှ ကိုယ်စားလှယ်များ၊ တိုးချဲ့အဖွဲ့များ၊ စုစုပေါင်းကိုယ်စားလှယ် (၁၅၇)ဦး တက်ရောက်နိုင်ခဲ့ပါသည်။ သင်းလုံးကျွတ်အစည်းအဝေးကြီးတွင် သမ္မာကျမ်းစာ ဟေရှာယ (၆၅:၁၇) ၊ ဗျာဒိတ် ၂၁/၁–၂၄) အခြေပြုလျက် "ကောင်းကင်သစ် နှင့် မြေကြီးသစ်" ဟူသော အဓိကအချက်ဖြင့် ဆွေးနွေး လုပ်ဆောင်နိုင်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ အိမ်ရှင်အဖြစ် နွေးထွေးစွာ ကြိုဆိုလျက်၊ ဧည့်ခံကျွေးမွေးလျက်၊ ZOOM link နည်းစနစ် ပံ့ပိုးပေးလျက် လက်ခံ ကျင်းပပေးပါသော မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်အား အထူးပင် ကျေးဇူး ဥပကာယ တင်ရှိပါကြောင်းကို မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

(ခ) ၂၀၂၂ ခုနှစ် ဇွန်လ (၆–၉)ရက်များအတွင်း မသက ၏ အနာဂါတ် တစ်လုံးတစ်ဝတည်းဖြစ်ရေး လုပ်ငန်းများအတွက် Review workshop for Proposal Development အလုပ်ရုံ ဆွေးနွေးပွဲ တစ်ရပ်ကို မသက ဝန်ထမ်းများနှင့် ချောင်းသာ ကမ်းခြေတွင် ပြုလုပ်နိုင်ခဲ့ပါသည်။

(ဂ)၂၀၂၂ ခုနှစ်၊ ဇွန်လ (၁၀)ရက်နေ့တွင်၊ ကက်သလစ်ဆရာတော်များကျောင်းတိုက် (CBCM) ၌ ပြုလုပ်သော၊ CBCM, MCC, MECA, MCMC, မိသဟာယပြုတွေ့ဆုံပွဲ၌ မသက ကိုယ်စားလှယ်များနှင့်အတူ သွားရောက် ပါဝင်နိုင်ခဲ့ပါသည်။ တိုက်ပွဲရှောင်ပြည်သူများအတွက် ပံ့ပိုးကူညီနိုင်ရန် အထူးဆွေးနွေးခဲ့ကြပါသည်။

(ဃ) ၂၀၂၂ ခုနှစ်၊ ဇွန်လ (၁၆–၁၉) ရက်များအတွင်း တောင်ကြီးအသင်းတော်များကောင်စီကို အခြေပြုလျက် တောင်ကြီးမြို့၌ "ငြိမ်းချမ်းမေတ္တာ" RFP Myamar ၏ ဘာသာ ပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအစီအစဉ်တွင် ဦးဆောင် ပါဝင်လုပ်ဆောင်ခဲ့ပါသည်။

(င) ၂၀၂၂ ခုနှစ် ၊ ဇွန်လ (၂၄)ရက်နေ့တွင် မသက ရုံး၌ ပြုလုပ်သော ရန်ကုန်အသင်းတော်များကောင်စီမှ ဦးစီးလုပ်ဆောင်လျက်ရှိသော၊ "ထိန်ပင်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်" အစည်းအဝေး၌ ဦးဆောင်ပါဝင်ခဲ့ပါသည်။

(စ) ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၁၀)ရက်နေ့တွင် မြန်မာနိုင်ငံနှစ်ခြင်းအသင်းချုပ်၏ နေ့ထူးနေ့မြတ်ဖြစ်သော “ဆရာ ယုဒသန်နေ့”အစီအစဉ်တွင် မတူပီနှစ်ခြင်းအသင်းတော် (မ/ဒဂုံ)၌ တရားဒေသနာတော်ဝေမျှခြင်းအားဖြင့် ပါဝင်ခဲ့ပါသည်။

(ဆ) ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၁၁)ရက်နေ့တွင် “ရွှေပြည်တော်သစ်”ဆေးရုံကြီး ဖွင့်လှစ်နိုင်ရေးအတွက် ချစ်မေတ္တာအိုအေစစ်ဖောင်ဒေးရှင်းနှင့် မခသက သဘောတူစာချုပ် (MOU) ရေးထိုးနိုင်ရေးအတွက် အထူးအစည်းအဝေးကို ဦးဆောင်ပြုလုပ်နိုင်ခဲ့ပါသည်။

(ဇ) ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်နေ့တွင် မခသကနှင့် လက်တွဲလုပ်ဆောင်ရန်ရှိသော Compassion နှင့် ရှေ့လုပ်ငန်းစဉ်များအတွက် ပုံမှန် ညှိနှိုင်းအစည်းအဝေးကို လုပ်ဆောင်ခဲ့ပါသည်။

(ဈ) ၂၀၂၀ ခုနှစ်၊ ဇူလိုင် (၂၈)ရက်နေ့တွင်၊ မြန်မာနိုင်ငံသမ္မာကျမ်းစာအသင်းကြီး၏ အစည်းအဝေးသို့ ပါဝင်တက်ရောက်နိုင်ခဲ့ပါသည်။

(ည)၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၃၀)ရက်နေ့တွင်၊ မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များ မိသဟာယ (မခသက) မှ ကျင်းပပြုလုပ်သော၊ နှစ်ပတ်လည်အစည်းအဝေး၌ ဒုတိယဥက္ကဋ္ဌ အဖြစ်ရွေးချယ်ခန့်အပ်ခြင်း ခံရပါသည်။

(ဋ) ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂-၄)ရက် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ ပြုလုပ်သော Christian Conference Asia ၏ HIV / AIDS အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ပါဝင်နိုင်ခဲ့ပါသည်။ ချင်းမိုင်မြို့၌ ဖွင့်လှစ်ထားသော HIV / AIDS ကာကွယ် တားဆီးရေးအတွက် ၊ ဒေသန္တရလူမှုအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော၊ ဆေးခန်းနှင့် နှစ်သိမ့်ဆွေးနွေးပညာပေး စင်တာများသို့ သွားရောက်လေ့လာခဲ့ပါသည်။

(ဌ) ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၇-၁၇)ရက်များ အတွင်း၊ ငြိမ်းချမ်းမေတ္တာ (Religions For Paeace (RFP)) Myanmar ၊ အဖွဲ့နှင့် ပူတာအိုမြို့သို့ သွားရောက်ခဲ့ပါသည်။ အဆိုပါ ရက်ကာလများအတွင်း..........

(၁)ပူတာအိုမြို့ပေါ်ရှိ ကက်သလစ်အသင်းတော်၊ ရဝမ်နှစ်ခြင်းအသင်းတော်၊ လီဆူအသင်းတော်၊ ရဝမ်အသင်းတော် (Church of Christ)/ ဇဝံဂေလီအသင်းတော် (MECA) အသင်းတော်များသို့သွားရောက်တွေ့ဆုံလျက်မိဿဟာယပြုခဲ့ပါသည်။ ပူတာအိုအသင်းတော်များ မိဿဟာယအဖွဲ့ ဖြစ်မြောက်ရေးအတွက် အားပေးလှုံ့ဆော်နိုင်ခဲ့ပါသည်။

(၂) ပူတာအိုမြို့ရှိ ဒေသခံ လူမှုအဖွဲ့အစည်း ဖြစ်သော “နမ်ရှနီ” အဖွဲ့နှင့် ပူးတွဲ၍ “လူမှုပေါင်းစည်းခြင်း စွမ်းအား” သင်တန်းတစ်ရပ်ကို (၄)ရက်တာ ပြုလုပ်နိုင်ခဲ့ပါသည်။ “Social Cohesion” ဘာသာရပ်အား ပို့ချပေးနိုင်ခဲ့ပါသည်။

(ဍ) ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့တွင်၊ မြန်မာနိုင်ငံကျမ်းစာအသင်းကြီး၏ နေ့ထူးနေ့မြတ်ဖြစ်သော “သမ္မာကျမ်းစာနေ့” အစီအစဉ်တွင် “ဂေသရေမာန်အသင်းတော်” (မ/ဒဂုံ) ၌ တရားဒေသနာ ဝေမျှခြင်းအားဖြင့် ပါဝင်နိုင်ခဲ့ပါသည်။

(ဎ) ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၂၂-၂၄)ရက် နေ့များ အတွင်း MCC Volunteer Team နှင့် Jhpieg အဖွဲ့တို့ ပူးပေါင်းပြုလုပ်သည့် COVID-19 Volunteer Response Training (TOT)၌ ဦးဆောင် ပါဝင်နိုင်ခဲ့ပါသည်။

(ဏ) ၂၀၂၂ ခုနှစ် ၊ ဩဂုတ်လ(၂၆)ရက်နေ့တွင် မြန်မာနိုင်ငံခရစ်ယာန်ကျန်းမာရေးလုပ်သားများအသင်း (MCHWA) မှ ပြုလုပ်သော၊ COVID-19 တတိယလှိုင်းတွင် ခေါ်တော်မူခြင်းခံရသောသူများအတွက် အောက်မေ့ဖွယ်ရာဝတ်ပြုအစည်းအဝေးတွင် တရားဒေသနာတော်ဝေမျှခြင်းအားဖြင့် ပါဝင်နိုင်ခဲ့ပါသည်။

(တ)၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့တွင် မြန်မာနိုင်ငံခရစ်ယာန် အသင်းတော် “သန့်ရှင်းသောကားတိုင်ဓမ္မ တက္က

သိုလ်” ၏ ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲနှင့် ဘွဲ့နှင်းသဘင်သို့ ပါဝင်တက်ရောက်နိုင်ခဲ့ပါသည်။

(ထ)၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်နေ့မှ စက်တင်ဘာလ(၈)ရက်နေ့အထိ၊ ဂျာမဏီနိုင်ငံ၊ ကားလ်စရူးမြို့၌ ပြုလုပ်ကျင်းပသော (၁၁)ကြိမ်မြောက် ကမ္ဘာ့အသင်းတော်များ ကောင်စီ(WCC) ၏ နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံမှ WCC အဖွဲ့ဝင် ကိုယ်စားလှယ်တော်များနှင့်အတူ တက်ရောက် ပါဝင်နိုင်ခဲ့ပါသည်။ အဓိကအချက်မှာ “Christ's love moves the world to reconciliation and unity” ဖြစ်ပါသည်။ ရွှေကျမ်းချက်မှာ ရှင်မဿဲ (၂၀:၂၀-၂၈) ဖြစ်ပါသည်။ အစည်းအဝေးကာလအတွင်း မခသက၏ မိတ်ဖက်သာသနာအဖွဲ့များဖြစ်သော Bread for the world (BFTW), EMW, Church of Sweden, Church of Act, American Briptist Mission တို့မှ ခေါင်းဆောင်များနှင့် ရင်းနှီးစွာ မိဿဟာယဖွဲ့ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါသည်။ အားလုံးမှ ဆက်လက်ပံ့ပိုး ကူညီသွားကြပါမည်ဟု အားပေးလျက် ဂတိပြုကြပါသည်။ နောင်လာမည့် (၈)နှစ်တာကာလ (၁၂) ကြိမ်မြောက် အစည်းအဝေးအတွက် ဗဟိုကော်မတီတွင် အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံမှ လူငယ်၊ သာမာန်အသင်းသူ “Don Lam Len” ရွေးချယ်ခံရပါကြောင်းကို ဝမ်းမြောက်စွာ ဖော်ပြလိုပါသည်။ Rev. Dr. Saiman Pan Ken En ၏ မြေးဖြစ်ပါသည်။

(ဒ) ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၁၆)ရက်နေ့တွင် ပြုလုပ်သော မခသက၏ HIV / AIDS အစည်းအဝေးသို့ တက်ရောက်ပါဝင်ခဲ့ပါသည်။

အကျိုးကျေးဇူးများ

၂၀၂၂ ခုနှစ်၊ ဇွန်လမှ စက်တင်ဘာလ (၄) လတာ ကာလအတွင်း COVID-19 ကမ္ဘာ့ကပ်ရောဂါ စတုတ္ထလှိုင်း ဖြစ်ပွားမှုနှင့် နိုင်ငံရေးအခြေအနေများကြောင့် လျာထားသော လုပ်ငန်းများကို အစီအစဉ်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိပါသော်လည်း လုပ်ဆောင်ပြီးစီးခဲ့သော လုပ်ရပ်များသည် အသင်းတော် တစ်လုံးတစ်ဝတည်းဖြစ်ရေးအတွက် ဆက်လက် ရှင်သန် ရပ်တည် လုပ်ဆောင်နိုင်မှု အကျိုးကျေးဇူးများကို ခံစားရရှိစေပါသည်။

နိဂုံး

(၂၀၂၂-၂၀၂၄) ကောင်စီသက်တမ်း၏ အဓိကအချက် ဖြစ်ပါသော “ကောင်းကင်သစ်နှင့် မြေကြီးသစ်” (New Heaven and New Earth) ဟူသည့် ခေါင်းစဉ်နှင့်အတူ မခသကသည် အထူးကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

ထိုနည်းတူစွာ မခသက၏ အထူးစီမံကိန်းများဖြစ်သော Malaria Project, Climate Change Adaptation Project, Civ-il Peace Service Project များကို အခက်အခဲ များစွာကြားမှ ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

အထူးသဖြင့် ၂၀၂၀ ခုနှစ်မှ စ၍ ၂၀၂၂ ခုနှစ်၊ ယနေ့တိုင် ကျွန်ုပ်အား COVID-19 ကမ္ဘာ့ကပ်ရောဂါ ကူးစက်ခံစားမှုများမှ လွတ်ကင်းစေခဲ့သော သခင်ဘုရား၏ ကောင်းချီးဆုမင်္ဂလာကို အထူးပင် ချီးမွမ်းမိပါသည်။

သို့ဖြစ်ပါ၍ လက်တွဲပါဝင် လုပ်ဆောင်နေကြသော တစ်လုံးတစ်ဝတည်း လုပ်ဖော်ဆောင်ဖက် အားလုံးအပေါ်သို့ အဖဘုရားသခင်၏ ကောင်းချီးမင်္ဂလာကျရောက်ပါစေဟု ဆုမွန်ကောင်းတောင်းလျက် ဤအစီရင်ခံစာကို နိဂုံးချုပ်အပ်ပါသည်။

သိက္ခာတော်ရဆရာမန်းပါမာစန်

အထွေထွေအတွင်းရေးမှူး

jrKjyaus;vufbmomemjyKa&;aumfwD

ရှေးဦးစွာဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းလျှက် နာမတော်သည် ဘုန်းကြီး၍ မင်္ဂလာရှိပါစေသော။

ဤကဲ့သို့ ခဲယဉ်းကြပ်တည်းသော ခေတ်ကာလ အခက်အခဲများစွာနှင့် စိန်ခေါ်မှုများအကြားတွင် ကျွန်တော်များ မြို့ပြကျေးလက်သာသနာ (Urban Rural Mission) သည် ရှင်လုကာ ၄:၁၈–၁၉တွင် သခင်ယေရှု မိန့်တော်မူသကဲ့သို့ “ဘုရားသခင်၏ အလိုတော်နှင့်ဆန့်ကျင်သောအရာများ” လူမှုဝန်းကျင်တွင် ဖြစ်ပေါ်နေသော မတရားမှုတို့ကို တွန်းလှန်၍ တရားမျှတမှု ရရှိခံစားနိုင်စေရန် ဖော်ထုတ်လုပ်ဆောင်နေသော မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ (MCC) လုပ်ငန်းဌာနများအနက် URM ဌာန တစ်ခုဖြစ်ပါသည်။

မြို့ပြကျေးလက်သာသနာ (Urban Rural Mission) သည် ပထဝီမြေအနေအထား၊ နေရာ၊ ကာလ၊ ဒေသကို ဆိုလိုခြင်းမဟုတ်ပဲ မိမိတို့၏လူမှုဝန်းကျင်တွင် ဖြစ်ပေါ်နေသော အမှုအရာ (ISSUE) များကိုသာ ရည်ညွှန်းခြင်း ဖြစ်သည်။

FY 2021–2022 Covid–19 ကပ်ဘေးကြီး၏ ပြင်းထန်သော ရိုက်ခတ်မှုများနှင့်အတူ မျက်မှောက်ခေတ်ကာလ အကြပ်အတည်းများစွာအကြားမှ အောက်ပါအစီအစဉ်များကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

1. Community Organizers Follow up Training.
2. Advocacy for Community Organizers Training.
3. Safeguarding (Women and Children) Training.
4. People Forum
5. Awareness on Human Rights & Citizenship
6. May Day Celebration
7. Human Right Day Celebration
8. Environmental Related Day Celebration
9. Recruit New Community Organizers Training
10. Disable Inclusion and Psychological First Aids

အစီအစဉ်များပြုလုပ်ခဲ့ပါသည်။



ယခုမျက်မှောက်ဖြစ်ပျက်နေသော လူအများရင်ဆိုင်ကြုံတွေ့ဖြတ်သန်းမှုများမှာ နေရာ၊ ကာလ၊ ဒေသအလိုက် ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ အဓမ္မပြည့်တန်ဆာပြုခြင်း၊ အခြားတနည်းနည်းဖြင့် ကာမဆိုင်ရာ ကိစ္စပြုလုပ်ခြင်း၊ အဓမ္မစေခိုင်းခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျေးကျွန်ကဲ့သို့စေခိုင်းစေခြင်း၊ သူတပါး ခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းအားထုတ်ယူပယ်ရှားခြင်း၊ ရောင်းချခြင်း၊ မတရားဖမ်းဆီးခံရခြင်းစသည့် အမျိုးမျိုးသော မတရားမှုများဖြင့် လူမှုဝန်းကျင်တွင် ခေါင်းပုံဖြတ်ခံနေကြရပါသည်။ အထက် ဖော်ပြပါ အကြောင်းအရာများကို “ဘုရားသခင်၏ အလိုတော်သာ ဖြစ်ကြောင်း” မည်သူ တစ်စုံတစ်ဦးကမျှ လက်ခံမည်မဟုတ်ကြောင်း မြေကြီးလက်ခတ်မလွဲ သေချာလှပါသည်။

ထိုကဲ့သို့အမျိုးမျိုးသော ခေါင်းပုံဖြတ်၊ မတရားမှုများသည် ကျွန်ုပ်တို့နေထိုင်သော ဝန်းကျင်တွင် ပြည့်နက်လျက်ရှိပြီး URM COs ဝန်းကျင်စည်းရုံးရေးမှူးများတို့သည် မိမိတို့၏နေရာဒေသအလိုက် ဖြစ်ပေါ် နေသော အမျိုးမျိုးသော ခေါင်းပုံဖြတ်မှု၊ မတရားမှုခံရသောသူများအတွက် တရားမျှတမှု (Justice) ခံစားရရှိစေရန် နည်းလမ်းအသွယ်သွယ်၊ ပုံစံအမျိုးမျိုးအားဖြင့် ထိုသို့သောသူတို့အတွက် ရပ်တည်လုပ်ဆောင် အစေခံလျက် နေကြပါသည်။

COs များ၏ ဆက်ကပ်ခြင်း (Commitment)၊ အတတ်ပညာ (Skills)၊ လုပ်ဆောင်နိုင်သောစွမ်းရည် (Ability)၊ ရဲရင့်ခြင်း (Brave)၊ အစေခံသောနှလုံးသား စိတ်သဘောတို့ကို လေးစားဂုဏ်ပြုထိုက်သလို ဤနေရာမှ လေးစားဂုဏ်ယူပါကြောင်း ဖော်ပြလိုက်ရပါသည်။

ကျွန်ုပ်တို့ဝန်းကျင်သည် တရားမျှတမှုကို အခြေခံသော (သို့) တရားမျှတမှုကို ရှေ့ရှုသော လူသားချင်း စာနာထောက်ထားမှု များစွာ လိုအပ်ပါသည်။ လူတစ်ဦးသည် အမျိုးမျိုးသော အမည် (သို့) အမျိုးမျိုးသော အမှတ်တံဆိပ်များဖြင့် လွှမ်းမိုးခြင်း (သို့) လူမျိုးတစ်မျိုးသည် အမျိုးမျိုးသောအမည် (သို့) အမျိုးမျိုးသော အမှတ်တံဆိပ်ဖြင့် လွှမ်းမိုးချုပ်ကိုင်ထားခြင်းသည် လူမျိုးကြီးဝါဒသာ ဖြစ်သည်။ အတ္တကြီးခြင်းဖြစ်သည်။ ၎င်းသည်လည်း ဘုရားသခင် အလိုရှိသောအရာ မဖြစ်ကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိနေထိုင်သော ဝန်းကျင်ကို (1) Look ရှုမြင်တတ်သောသူ၊ ရှုမြင်နိုင်သောသူ (2) Listen ဝန်းကျင်ကို နားထောင်သောသူ (3) Link ဝန်းကျင်နှင့် လက်တွဲပူးပေါင်းချိတ်ဆက်ဆောင်ရွက်သောသူများဖြစ်ကြပြီး အကူအညီ လိုအပ်နေသောသူများ အငယ်ဆုံးသောသူများ၊ မတရားမှုခံနေရသောသူများ၊ ဝန်းကျင်အတွက် အစေခံနိုင်သောသူများ ဖြစ်ကြပါစို့။

အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌လည်း ပြည့်စုံပါစေသော။ အသုံးတော်ခံ တန်ဆာပလာများ ဖြစ်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပြုလျှက် ဖော်ပြအပ်ပါသည်။

သိက္ခာတော်ရဆရာကျော်လှ
(အစီအစဉ်အတွင်းရေးမှူး)
မြို့ပြကျေးလက်သာသနာပြုရေးကော်မတီ
မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ

တစ်လုံးတစ်ဝတည်းဖြစ်ရေး ပညာရေးအစီအစဉ်ဌာန

တစ်လုံးတစ်လုံးဝတည်းဖြစ်ရေး ပညာရေးအစီအစဉ် ဌာနမှ "Shalom" ဟု နှုတ်ခွန်းဆက်သပါရစေရှင့်။

တစ်လုံးတစ်လုံးဝတည်းဖြစ်ရေး ပညာရေးအစီအစဉ် ဌာန၏ အဓိကရည်မှန်းချက်ပန်းတိုင်မှာ ပေါင်းစည်းညီညွတ်ခြင်း နှင့် တစ်လုံးတစ်လုံးဝတည်းဖြစ်ရေး စိတ်သဘောထားများကို အဖွဲ့ဝင် အသင်းတော်များ အကြား၌ လည်းကောင်း၊ အခြားဘာသာဝင်များနှင့်လည်းကောင်း၊ တစ်လုံးတစ်လုံးဝတည်းဖြစ်ရေး ပညာရေးအားဖြင့် ကြွယ်ဝပြည့်စုံသော လူ့ဘောင်အဖွဲ့အစည်း ဖြစ်ထွန်းလာစေဖို့ အားပေးမြှင့်တင်ရန် ဖြစ်ပါသည်။

တစ်လုံးတစ်လုံးဝတည်းဖြစ်ရေး ပညာရေးသည် အသင်းတော်များအား အိမ်တွင်းပုန်း အဖွဲ့အစည်းများအဖြစ် ရှင်သန်ခြင်းထက် သင်ကြား၊ သင်ယူသော အဖွဲ့အစည်းများ ဖြစ်လာစေရန်အတွက် အလေးအနက် ကူညီလုပ်ဆောင်ပေးပါသည်။ တစ်ယူသန် တစ်လမ်းသွားခြင်း၊ မိမိတို့၏ ယုံကြည်ခြင်းနှင့် ကမ္ဘာလောကကြီးကို ကျဉ်းမြောင်းစွာ ဘောင်ခတ်ရှုမြင်ခြင်းများထက် ကျယ်ပြန့်စုံလင်သော ရှုထောင့်များဖြင့် ရှုမြင်တတ်ရန်နှင့် အခြားအသင်းတော်များနှင့် အခြားဘာသာများအား ဆန့်ကျင် ငြင်းခုန်ခြင်းထက် သူတို့ထံမှ သင်ယူလိုသောဆန္ဒများ ပွင့်လန်းလာစေရန် ကူညီလုပ်ဆောင်ပေးခြင်းပင် ဖြစ်သည်။

တစ်လုံးတစ်လုံးဝတည်းဖြစ်ရေး ပညာရေး၏ သီးခြားလုပ်ဆောင်သည့် ရည်ရွယ်ချက်ကဏ္ဍ တစ်ရပ်မှာ ဆက်နွှယ်မှုများ၊ နားလည်မှုများ၊ သဘောထားများ၊ အမြင်များနှင့် လုပ်ဆောင်မှုများကို အသွင်ပြောင်းလဲခြင်း လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။ ထိုသို့ အသွင်ပြောင်းလဲလာခြင်းအားဖြင့် အရေးတကြီး လိုအပ်လျှက်ရှိသော လူသားများ၏ ဥသုံဖွံ့ဖြိုးရေးကဏ္ဍ၊ စည်းလုံးညီညွတ်ရေးကဏ္ဍ၊ ငြိမ်းချမ်းရေးကဏ္ဍနှင့် တရားမျှတရေးကဏ္ဍများအတွက် ရည်ရွယ်ချက်ရှိရှိ သက်ဝင်လှုပ်ရှား ပါဝင်လာမည် ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်အတွင်း ပြုလုပ်ခဲ့သော အစီအစဉ်များ အောက်ပါအတိုင်း ဖြစ်ပါသည်။

(1) Ecumenical Church School Teachers' Training (TOT–5thBatch, 2022) ကို August 15 To Sept 9, 2022 အထိ ZOOM အားဖြင့် ပြုလုပ်ခဲ့ပြီး Educators and Church School Teachers from Member Churches and RCC များကို ဦးတည်ဖိတ်ကြား ခဲ့ပြီး ကျား (၅) ဦး၊ မ (၂၉) ဦး စုစုပေါင်း –၃၄ ဦး တက်ရောက်ခဲ့ပါသည်။















(၂) Ecumenical Junior High Camp ကို 26–28 October တွင် ZOOM အားဖြင့် ပြုလုပ်နိုင်ခဲ့ပြီး Non Member Churches, Regional Council of Churches and Member Churches တို့မှ အသက် (၁၄) နှစ် မှ (၁၆) နှစ်အရွယ် ကလေးများ ကျား (၁၇)ဦး၊ မ (၄၆)ဦး၊ စုစုပေါင်း (၆၃)ဦး ပါဝင်တက်ရောက်နိုင်ခဲ့ပါသည်။

(၃) Ecumenical Church School Teachers' Training (TOT–4thBatch, Part 2) ကို 7–11 November အထိ ZOOM အားဖြင့် ပြုလုပ်ခဲ့ပြီး ကျား (၂) ဦး၊ မ (၁၉) ဦး၊ စုစုပေါင်း (၂၁)ဦး တက်ရောက်နိုင်ခဲ့ပါသည်။

(၄) Gender and Social Justice for Church School Teachers ကို 15–17 November တွင် ZOOM အားဖြင့် ပြုလုပ်ခဲ့ပြီး ကျား (၈)ဦး၊ မ (၄၇)ဦး၊ စုစုပေါင်း (၅၅)ဦး ပါဝင်တက်ရောက် နိုင်ခဲ့ပါသည်။

တစ်လုံးတစ်ဝတည်းဖြစ်ရေး ပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်လုပ်ဆောင်ရာတွင် ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ အသင်းတော်ခေါင်းဆောင်များ၊ အဖွဲ့ဝင် အသင်းတော်များ၊ ဒေသန္တရခရစ်ယာန် အသင်းတော်ကောင်စီများ၊ ကျမ်းစာကျောင်းများနှင့် အတူတကွ လက်တွဲလျက် ညှိနှိုင်းလုပ်ဆောင်ခြင်းအားဖြင့် အစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော် လုပ်ဆောင်နိုင်ခြင်း ဖြစ်ပါသည်။ တစ်လုံးတစ်ဝတည်းဖြစ်ရေး ပညာရေးအစီအစဉ်များမှာ ရေရှည် လုပ်ဆောင်ရမည့် လုပ်ငန်းအစီအစဉ်များဖြစ်သောကြောင့် ဆက်လက်ဖော်ဆောင် ပြုလုပ်သွားရမည့် အစီအစဉ်များတွင် တစ်လုံးတစ်ဝတည်းစိတ်ဓာတ်ဖြင့် အတူတကွ ဝိုင်းဝန်းကူညီ အားဖြည့်လုပ်ဆောင်ကြပါစို့ဟု ဖိတ်ခေါ်ရင်း နိဂုံးချုပ်ပါရစေရှင့်။

မိုင်ကြည်ကြည်ဝင်း
အမှုဆောင်အတွင်းရေးမှူး
တစ်လုံးတစ်ဝတည်းဖြစ်ရေး ပညာရေးအစီအစဉ်ဌာန

တစ်လုံးတစ်ဝတည်းဖြစ်ရေးလူငယ်လုပ်ငန်းသည် အမြော်အမြင်ရှိပြီး၊ နိုးကြားသော လူငယ်ခေါင်းဆောင်များ၏ ဦးဆောင်မှုဖြင့် လွတ်လပ်ရေးအကြိုခေတ် ၁၉၄၆ခုနှစ်၊ ဧပြီလအတွင်း၊ သန်လျင်တွင် “တိုင်းရင်းသားလုလင်” ဟူသော အမည်ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး၊ ၁၉၄၇ခုနှစ်တွင် ပြည်မြို့၌ “ဗမာနိုင်ငံလုံးဆိုင်ရာ ခရစ်ယာန် လူငယ်များအဖွဲ့ချုပ်” (ဗ.ခ.လ) ထပ်မံပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ ဗ.ခ.လ၏ ဖွဲ့စည်းပုံမှာ တစ်ဦးချင်းပါဝင်မှုသာဖြစ်သောကြောင့် အသင်းတော် လူငယ်များ၏ ပါဝင်မှု အရေးကြီးကြောင်းကို သိမြင်လာလျက်၊ ၁၉၆၇ ခုနှစ်မှ စ၍ “မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များမိတ်သဟာယ” (မ.ခ.လ.မ) ကို ထပ်မံဖွဲ့စည်းလုပ်ဆောင်ခဲ့ပါသည်။ သို့သော် ခေတ်ပြောင်းကာလအတွင်း၊ လူငယ်များ သီးသန့်အဖွဲ့အစည်းကဲ့သို့ ဖြစ်နေပြန်သဖြင့် မ.ခ.လ.မကို မ.ခ.သ.က၏ လူငယ်ဌာနအဖြစ် ရှိနေသင့်ကြောင်း အကြံပြုခဲ့ပြီး၊ ၁၉၇၉ခုနှစ်တွင် မ.ခ.လ.မ အသွင်မှ မ.ခ.သ.က၏ လူငယ်ဌာနအသွင်ဖြင့် ရပ်တည်လုပ်ဆောင်ခဲ့ပါသည်။ ယနေ့အချိန်အခါတွင်လည်း အထူးသဖြင့် လူငယ်ခေါင်းဆောင်များ၊ အသင်းတော်လူငယ်များထဲတွင် တစ်လုံးတစ်ဝတည်း စိတ်ဓာတ် ပိုမို ရှင်သန်နိုင်ရန် အမျိုးမျိုးသော နည်းလမ်းများဖြင့် ထိ၊ တွေ့၊ စည်း၊ ရုံး လုပ်ဆောင်မှုများကို အစဉ် ကြိုးစားလုပ်ဆောင်လျက်ရှိနေပါသည်။

တစ်လုံးတစ်ဝတည်းဖြစ်ရေးလူငယ်လုပ်ငန်း

၂၀၂၂ ခုနှစ်အတွင်း ပြုလုပ်ခဲ့သောဌာနလုပ်ငန်းများ နှင့် အစည်းအဝေးများ မှာ

(၁) ၇ – ၉၊ ဧပြီလ ၂၀၂၂ တွင် **Training on Promoting knowledge of Gender Justice among Youth Leader** ကို ကျေးဇူးတော်ကြောင့် အခက်အခဲများစွာ ရှိနေသော်လည်း အမျိုးသားချင်းထောက်ပံ့သည့် ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်ဖြစ်သော သံတဇာ အသင်းတော်တွင် လူငယ် (၄၉)ဦး ပါဝင်တက်ရောက်ကာ ကောင်းမွန်စွာ လုပ်ဆောင်ခွင့် ရခဲ့ပါသည်။

(၂) ၂၅–၂၇၊ ဧပြီလ ၂၀၂၂ တွင် **Promoting Ecumenical Culture and Dialogue among Church youth** သင်တန်းကို ကျေးဇူးတော်ကြောင့် ဘားအံ အသင်းတော်များကောင်စီ၊ ကော့အီးမိုက်အသင်းတော်တွင် လူငယ် (၅၈) ဦး ပါဝင်တက်ရောက်ကာ ကောင်:မွန်စွာ ပြုလုပ်ခွင့်ရခဲ့ပါသည်။

(၃) ၉–၁၁၊ မေလ၊ ၂၀၂၂တွင် **Promoting knowledge of Gender and Social Justice among Youth** သင်တန်းကို **(Zoom)** ဖြင့် အဖွဲ့ဝင်အသင်းတော် (၇)ပါးဖြစ်သော **(LCC, PCM, MBC, SSKBMS, CPM, Up Myanmar Meththodist, St.Gabri–el's Church)** နှင့် **(1) RCC, KPCC / 2 Cooperating Bodies (MYFC, MEC)** တို့မှ လူငယ် (၅၁)ဦး ပါဝင်တက်ရောက်ကာ ကျေးဇူးတော်အားဖြင့် ကောင်းမွန်စွာ လုပ်ဆောင်နိုင်ခဲ့ပါသည်။

(၄) မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီ တစ်လုံးတစ်ဝတည်းဖြစ်ရေး လူငယ်လုပ်ငန်း ကော်မတီ (၁/၂၀၂၂–၂၀၂၄) ကောင်စီသက်တမ်းအစည်းအဝေးကို ၂၃ ရက်၊ ဩဂုတ်လ၊ ၂၀၂၂ ခုနှစ်တွင် **Zoom (Online)**ဖြင့် မွန်းလွဲ (၀၂:၀၀ မှ ၀၅:၄၅) နာရီတွင် တက်ရောက်သူ ကော်မတီဝင် (၁၈)ဦးရေဖြင့် ပထမဦးဆုံးအနေဖြင့် ကော်မတီဝင်အသစ်များဖြင့် သဘာပတိအသစ်၊ ဒုသဘာပတိသစ်ရွေးချယ်ခန့်အပ်ခြင်းများနှင့် ရှေ့လုပ်ငန်းစဉ်များတွက် အစည်းအဝေးခေါ်ဖိတ် ပြုလုပ်နိုင်ခဲ့ပါသည်။

(၅) ၂၃၊ ဩဂုတ်လ၊ ၂၀၂၂ ခုနှစ်တွင်လည်း တစ်လုံးတစ်ဝတည်း လုပ်ငန်းတွင် ကျန်ရှိသော သင်တန်း အစီအစဉ်များ ဆက်လက်ပြုလုပ်နိုင်ရန်အတွက် ကော်မတီ ထောက်ခံ တင်ပြချက်ဖြင့် **Working Group** အစည်းအဝေးကို မွန်းလွဲ (၀၃:၀၀ မှ ၀၅:၂၅) နာရီတွင် **Zoom (Online)** ဖြင့် ကိုယ်စားလှယ် (၈)ဦး ပါဝင်တက်ရောက်ကာ ပြုလုပ်နိုင်ခဲ့သည်။

(၆) စက်တင်ဘာလ ၅၊ ရက်နေ့ ၂၀၂၂ခုနှစ်တွင်လည်း **Working Group** မှ စည်းဝေးခဲ့သော လုပ်ငန်းစဉ်များအား ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီတစ်လုံးတစ်ဝတည်း ဖြစ်ရေး လူငယ်လုပ်ငန်း ကော်မတီ (၂/၂၀၂၂–၂၀၂၄)ကောင်စီသက်တမ်း အစည်းအဝေးကို **Zoom (Online)**ဖြင့် မွန်းလွဲ (၀၂:၀၀ မှ ၀၄:၃၀) နာရီတွင် တက်ရောက်သူ ကော်မတီဝင် (၁၈)ဦးရေဖြင့် ထပ်မံပြုလုပ်နိုင်ခဲ့ပြီးလုပ်ငန်းများဖော်ဆောင်အတည်ပြုနိုင်ခဲ့ပါသည်။

(၇) ၂၈ – ၃၀၊ စက်တင်ဘာလ၊ ၂၀၂၂ တွင် **Ecumenical Social and Gender Justice for Ecumenical Youth** သင်တန်း

ကို ကျေးဇူးတော်ကြောင့် နမ့်စန်ခရစ်ယာန် အသင်းတော်များ ကောင်စီ၊ နမ့်စန်မြို့တွင် ကရင်၊ ချင်း၊ လားဟူ၊ ရှမ်း၊ လီဆူ၊ ပလောင် တိုင်းရင်းသား လူငယ် (၅၂) ဦးပါဝင်တက်ရောက်ကာ ကောင်းမွန်စွာ ပြုလုပ်ခွင့်ရခဲ့ပါသည်။

(၈) ၂၃ –၂၆၊ နိုဝင်ဘာလ ၂၀၂၂ တွင် Ecumenical Seminar with Youth သင်တန်းကို (Zoom) ဖြင့် အဖွဲ့အသင်းတော်များဖြစ်သော (LCC, PCM, MBC, SSKBMS, CPM, Meththodist Up–per Myanmar, St.Gabriel's Church) နှင့် (1) RCC, KPCC / 2 Cooperating Bodies (MYFC, MEC) တို့မှ လူငယ် (၇၀)ဦး တို့နှင့် ကျေးဇူးတော်အားဖြင့် ကောင်းမွန်စွာ လုပ်ဆောင်နိုင်ခဲ့ပါသည်။

၅။ စိန်ခေါ်မှုနှင့် သင်ခန်းစာများ

အချို့သောအဖွဲ့ဝင် အသင်းတော်များ၏ မခသက လုပ်ငန်းစဉ်များတွင် ရင်းနှီးမှုဝေးကွာခြင်း၊ သက်ဆိုင်ရာ ဒေသန္တရ အသင်းတော်များမှ အဆက်အသွယ် အားနည်းခြင်းများသည် တစ်လုံးတစ်ဝတည်းဖြစ်ရေး လူငယ်လုပ်ငန်း၏ ရှေ့လုပ်ငန်းစဉ်များအတွက် ကြီးမားသော စိန်ခေါ်မှုများဖြစ်ပြီး၊ ဒေသန္တရအသင်းတော်များနှင့်သော်လည်းကောင်း၊ အဖွဲ့ဝင် အသင်းတော်ရှိ လူငယ်များနှင့်သော်လည်းကောင်း ပိုမိုရင်းနှီး လုပ်ဆောင်နိုင်ရန် ဆက်သွယ်ကြိုးပမ်းလျက် ရှိပါသည်။ ယခုအခါ တွေ့ကြုံခံစားနေကြရသော မြေပြင်အခြေအနေများနှင့် ကပ်ရောဂါများကြောင့် သင်တန်းများကို အဖွဲ့ဝင်အသင်းတော်များနှင့် သော်လည်းကောင်း၊ ဒေသန္တရ ခရစ်ယာန်အသင်းတော်များကောင်စီဖြင့် သော်လည်းကောင်း၊ သင်တန်းများအား အတူတကွ ပြုလုပ်ရန် ခက်ခဲနေသောအခြေအနေများဖြင့် အားလုံး တွေ့ကြုံနေကြရပါသည်။

နိဂုံးနှင့် ထောက်ခံတင်ပြချက်များ

ဘုရားရှင်ကျေးဇူးတော်အားဖြင့် အခြေအနေများစွာ ဖြစ်ပေါ်သော်လည်း တစ်လုံးတစ်ဝဖြစ်ရေး လူငယ်လုပ်ငန်းများ ကို ယနေ့ထက်တိုင် လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိပြီး၊ ဆက်လက်လုပ်ကိုင်ခွင့်ပေးသောကြောင့် ကျေးဇူးတော်ချီးမွမ်းရင်း၊ အတူတကွ လက်တွဲ ဖော်ဆောင်ပေးကြသောသူ တစ်ယောက်စီတိုင်းကိုလည်း အထူးပင်ကျေးဇူးကြောင်း ဖော်ပြရင်း တစ်လုံးတစ်ဝတည်းဖြစ်ရေး အမှုတော်မြတ်တွင် အတူတကွ ဆက်လက်ပါဝင်လက်တွဲလုပ်ဆောင်သွားဖို့ရန် တိုက်တွန်းရင်း အထူးပင်ကျေးဇူးတင်ကြောင်းဖော်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

စောလုကာ
အမှုဆောင်အတွင်းရေးမှူး
တစ်လုံးတစ်ဝတည်းဖြစ်ရေးလူငယ်လုပ်ငန်း



jrefmebtfLupf, meffB,aygif;pkHq@U

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ၊ မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံဓမ္မသိပ္ပံသည် ၂၀၂၂ ခုနှစ်ကာလအတွင်း လုပ်ဆောင်ခဲ့သော လုပ်ငန်းဆောင်ရွက်မှုကို ကျေးဇူးတော် ချီးမွမ်းလျက် တင်ပြအပ်ပါသည်။

(၁) ၂၃-၂၄၊ ဇွန်လ ၂၀၂၂ခုနှစ် တွင် တစ်လုံးတဝတည်းဖြစ်ရေးဆွေးနွေးပွဲကို ရန်ကုန်အသင်းတော်များကောင်စီမှ ကိုယ်စားလှယ် (၅၂) ဦး ဖြင့် လူတွေ့အားဖြင့် ပြုလုပ်နိုင်ခဲ့ပါသည်။ ရလာဒ်အနေဖြင့် တစ်လုံးတဝတည်းဖြစ်ရေးဆိုင်ရာ ဓမ္မသဘောတရားများကို သမ္မာကျမ်းရှုထောင့်၊ လူမှုရေး ရှုထောင့်တို့မှ လေ့လာနိုင်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒေသန္တရအသင်းတော်များကောင်စီများ တွေ့ဆုံမိတ်သဟာယဖွဲ့နိုင်ကြပါသည်။

(၂) ၁၂၊ဇူလိုင်၂၀၂၂တွင်အုပ်ချုပ်ရေးကော်မတီအစည်းအဝေးကို ၂၀၂၂-၂၀၂၄ ကောင်စီသက်တမ်း အုပ်ချုပ်ရေး ကော်မတီဝင်များဖြင့် ပြုလုပ်နိုင်ခဲ့ကာ ဓမ္မသိပ္ပံအုပ်ချုပ်ရေးကော်မတီများတွေ့ဆုံပြီး လုပ်ငန်းစဉ်များ သုံးသပ်ကာ ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ခဲ့ပါသည်။

(၃) ၂၂-၂၃.၁၀. ၂၀၂၂ တွင် တစ်လုံးတဝတည်းဖြစ်ရေးဆိုင်ရာဆွေးနွေးပွဲ အစီအစဉ် ကို ဒေသန္တရအသင်းတော်များကောင်စီများနှင့်ပြုလုပ်နိုင်ခဲ့ပါသည်။

(၄)၁-၂၅နိုဝင်ဘာ၂၀၂၂တွင်တလုံးတဝတည်းဖြစ်ရေးခေါင်းဆောင်သင်တန်းအမှတ်စဉ်၄၀ ကို အဖွဲ့ဝင်အသင်းတော်များနှင့် ဒေသန္တရအသင်းတော်များကောင်စီမှ ကိုယ်စားလှယ်တော်များကို ဖိတ်ကြားကာ ၂၅ ရက်တာ Zoom အားဖြင့် ပြုလုပ်နိုင်ခဲ့ပါသည်။

စာကြည့်တိုက်

မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံဓမ္မသိပ္ပံ စာကြည့်တိုက်တွင် တစ်လုံးတစ်ဝတည်းဆိုင်ရာ ဓမ္မသဘောတရား ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊စီးပွားရေးဆိုင်ရာ၊ နိုင်ငံရေး၊ သမိုင်းကြောင်းနှင့် ဘာသာတရားများဆိုင်ရာစာအုပ် စုစုပေါင်း(၈၁၅၀)အုပ်ကို ဝယ်ယူ၊ စုဆောင်းထားပြီးပါသည်။ လစဉ်ထုတ်မဂ္ဂဇင်းများ၊ စာစောင်များကိုလည်း ဝယ်ယူထားရှိပါသည်။

လက်ရှိတွင် Online library software (KOHA Software) ကို အသုံးပြုကာ စာရင်းသွင်းခြင်း လုပ်ငန်းများနှင့် စာကြည့်တိုက် အဆင့်မြှင့်ခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါသည်။

နိဂုံး

မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံဓမ္မသိပ္ပံသည် တစ်လုံးတစ်ဝတည်းဖြစ်ရေးဆိုင်ရာ ပညာရပ်များကို ဖြန့်ဝေလျက်ရှိသောလုပ်ငန်းအစီအစဉ်ဖြစ်သောကြောင့် အဖွဲ့ဝင် အသင်းတော်များ၊ ဒေသန္တရအသင်းတော်များကောင်စီများတို့ ပူးပေါင်းပါဝင်မှုသည် အရေးပါသောကဏ္ဍဖြစ်ပါသည်။ ထို့ကြောင့် ဗဟိုကော်မတီဝင် များအနေဖြင့် လမ်းညွှန်မှုပြုခြင်း၊ ဆုတောင်းခွန်အားပေးခြင်းများဖြင့် ပါဝင်ပေးပါရန် အထူးမေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

မိုင်ကေသီမင်းဒင်

အကျိုးဆောင်ညွှန်ကြားရေးမှူး

မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံဓမ္မသိပ္ပံ

(ပြင်ဦးလွင်အစီအစဉ်)

omoemjyKa&;eS
တစ်လုံးတစ်ဝတည်းဖြစ်ရေးဌာန

နိဒါန်း

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၊ တစ်လုံးတစ်ဝတည်းဖြစ်ရေးဌာန၏ဆောင်ရွက်မှုများကို အစီရင်ခံတင်ပြအပ်ပါသည်။

ဘာသာပေါင်းစုံနီးနှောဖလှယ်ခြင်း အစီအစဉ်မှ ကျောင်းသူ/သား(Alumni)များစုပေါင်းပြီး တောင်ငူမြို့၌ မွမ်းမံသင်တန်းကို ၉.၄.၂၀၂၂ခုနှစ်တွင်သော်လည်းကောင်း၊ ၂၂.၆.၂၀၂၂ ခုနှစ်တွင် ပြည်၌သော်လည်းကောင်း၊ ၂၈.၆.၂၀၂၂ ခုနှစ်တွင် ပြင်ဦးလွင်၌ သော်လည်းကောင်း နေရာ (၃) နေရာတွင် ပြုလုပ်နိုင်ခဲ့ပါသည်။

သင်တန်းပြုလုပ်ခြင်းအားဖြင့် ကျောင်းသား/သူ(Alumni) များ တစ်ဦးနှင့်တစ်ဦးတို့၏ ရင်းနှီးကျွမ်းဝင်မှုရရှိခြင်း၊ လက်ရှိ ဘာသာပေါင်းစုံ နီးနှောဖလှယ်ခြင်းဆိုင်ရာ အခြေအနေ အကြောင်းအရာများကို ဆွေးနွေးခဲ့ခြင်း သင်တန်း၏ လိုအပ်ချက်များနှင့် အသိပညာဗဟုသုတ ကွာဟမှုများကို ဤသင်တန်းအားဖြင့် ပြန်လည်ဖော်ထုတ်နိုင်ခဲ့ခြင်း၊ တည်ကြည်ခိုင်မြဲသော အတွေ့အကြုံအမှတ်တရများစွာကို သင်တန်းသားများအကြား တည်ဆောက်နိုင်ခဲ့ပါသည်။

နိဂုံး

အခုလိုကာလတွင် ဌာန၏လုပ်ငန်းဆောင်ရွက်ရာတွင် စိန်ခေါ်မှုအမျိုးမျိုးကြုံရသော်လည်း ဘုရားသခင်၏ လမ်းပြ ကွယ်ကာမှုနဲ့အတူ ဌာနကော်မတီဝင်များ၏ ကူညီလမ်းပြပါဝင်မှု၊ G.S, A.G.S, Finance Department နှင့် Regional Council မှ အသင်းတော်များ ပူးပေါင်းပါဝင်မှုတို့ကြောင့် အခက်အခဲမရှိပဲ လုပ်ငန်းဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်းအား မှတ်တမ်းတင် ရင်း ဤအစီရင်ခံစာကို တင်ပြအပ်ပါသည်။

Rev.ဆိုင်မွန်ဇန်လော်ရှားငါ
(Executive Secretary)
သာသနာပြုရေးနှင့် တစ်လုံးတစ်ဝတည်းဖြစ်ရေးဌာန

(ပြည်အစီအစဉ်)

(တောင်ငူအစီအစဉ်)

ဝန်ထမ်းခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဌာန

နောက်ခံသမိုင်း

မြန်မာနိုင်ငံသာသနာပြု အဖွဲ့များကို ကိုယ်စားပြုသောကောင်စီ

၁၉၁၄ ခုနှစ် Burma Representative Council of Mission ကို ဖွဲ့စည်းစဉ်ကတည်းကပင် မြန်မာလူမှုဝန်ထမ်း လုပ်ငန်းဆောင်ရွက်မှုမှာ တည်ရှိနေပြီးဖြစ်သည်။ ယင်း လုပ်ငန်းများကို သဘာဝနှင့်လူလုပ်ဘေးဒဏ်ခံစားရသူများ၊ မတရား ခေါင်းပုံဖြတ်ခံရသည့် တောင်သူလယ်သမားများ၊ ကျန်းမာရေး ချို့တဲ့သူများ၊ ပညာရေးနိမ့်ကျသူများ၏ ဘဝကို မြင့်တင်ပေး သည့် ဖေးမကူညီမှုများပါဝင်ပါသည်။

၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေး၊ စီးပွားရေး၊ စနစ်ပြောင်းလဲမှုနှင့်အတူ လူမျိုးစုအရေးပြဿနာများ ဖြစ်ပေါ်လာခဲ့သည်။ ထိုပြောင်းလဲမှု ရေခံမြေခံအခြေအနေအရ The Burma Christian Council ကို Burma Council of Churches (BCC) ဟု ၁၉၇၄ ခုနှစ်တွင် အမည်ပြောင်းလဲခေါ်ဝေါ် ခဲ့သည်။ ထိုပြောင်းလဲမှုများကြောင့် ဒုက္ခဆင်းရဲတွေ့ကြုံခံစားရ သူများကိုဖေးမကူညီရန်ရည်ရွယ်လျက်ခရစ်ယာန်ဝန်ထမ်းဘုတ် (Christian Service Board- CSB) ဟူ၍ ဖွဲ့စည်းဖြစ်ပေါ် လာခဲ့ပါသည်။

ယင်းဘုတ်အဖွဲ့ဆောင်ရွက်ချက်များတွင် အရေးပေါ် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင် ရေး (စိုက်ပျိုး/မွေးမြူ) အသင်းတော်လှည့်လည်ရံပုံငွေ၊ လူမှုဝန် ထမ်းလုပ်ငန်းများ (ပညာရေး၊ ကျန်းမာရေးကဏ္ဍများ) ပါဝင်ပါ သည်။ ၁၉၇၇ ခုနှစ်၊ ၁၉၈၁ ခုနှစ်ကာလများတွင် ကျေးလက်ပြည် သူလူထုအတွက် သာမက တောင်တန်းဒေသရှိ တိုင်းရင်းသား တို့၏ လူမှုဖွံ့ဖြိုးရေးကို ရည်ရွယ်လျက် အထူးစီမံကိန်း (၃)ကို လုပ်ဆောင်ခဲ့သည်။ ယင်းတို့မှာ Training Institute Particapa-tion in National Development (TIPIND) နှင့် Ten Years Project (၁၀နှစ်ဘက်စုံ ဖွံ့ဖြိုးရေးစီမံကိန်း) တို့ဖြစ်သည်။ ဒေသခံများအတွက် များစွာအကျိုးဖြစ်ထွန်းစေခဲ့သည်။

၁၉၈၂ ခုနှစ်မှ စတင်၍ ဤလုပ်ငန်းကိုထိရောက်စွာ လုပ်ဆောင်နိုင်ရေးအတွက် လေ့လာပြင်ဆင်ခြင်းကို ပြုလုပ်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ပြန်လည်သုံးသပ်ခြင်းကိုပြုလုပ်ခဲ့သည်။ CSB မှ Service and Developement Department ဟုအမည်ပြောင်း လဲခေါ်ဝေါ်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

ဝန်ထမ်းခြင်းနှင့် ဖွံ့ဖြိုးရေးဌာနသည် ၂၀၁၇-၂၀၁၉ သုံးနှစ်တာကာလအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင် ခဲ့ပါသည်။

၁။ စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများ
၂။ ရပ်ရွာအခြေပြုလုပ်ငန်းများကို ပံ့ပိုးခြင်း နှင့်
၃။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်ပါ သည်။

၁။ ၂၀၂၂ ခုနှစ်ဌာနလုပ်ငန်း၏အစီအစဉ်များ

Promotion of Ecumenical Movement and Pro-tection of Evnironment in Myanmar (PEME)

၁။ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ (၂၅-၂၈)ရက်နေ့တွင် Envi-ronment Challenge DRR and Climate Change Aware-ness Training ကို The Salvation Army, CPM (Angli-can), Myanmar Christian of the Blind (MCFB), MBC တို့နှင့်လည်းကောင်း၊ ဖေဖော်ဝါရီလ (၂၃-၂၆)ရက် နေ့တွင် Presbyterian Church of Myanmar, Independent Presby-terian Church of Myanmar, The Methodist Church (Upper Myanmar), Mara Evangelical Church တို့နှင့် လည်းကောင်း၊ မတ်လ (၂၃-၂၆) ရက်နေ့တွင် National YMCA, National YWCA, Myanmar Youth of Christ, National Ecumenical Church Loan Fund Myanmar, Myanmar Christian Leprosy Mission တို့နှင့်လည်းကောင်း Zoom အားဖြင့် ပြုလုပ်ခဲ့ပါသည်။

၂။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၉ရက်နေ့တွင် Environmental Related Day (World Environment Day) Myanmar Chris-tian Blind Fellowship (MCBF) နှင့် Lorrain Theological

Seminary (MEC) သွားရောက်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

၃။ Strengthening Church Activities ကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်တွင် ဒုံရင်းကျမ်းစာကျောင်း (ဘားအံမြို့) တွင်လည်းကောင်း၊ အောက်တိုဘာလ (၁၄) ရက်တွင် ရှောက်ချောင်း အသင်းတော်၊ ပုသိမ်မြို့နယ်၊ အောက်တိုဘာလ (၁၉) ရက်နေ့တွင် မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၊ သံလျင်မြို့တွင်လည်းကောင်း၊ နိုဝင်ဘာလ (၁၇–၁၉)ရက်နေ့တွင်၊ စီစန်းခိုကျေးရွာ၊ ဝါသောခိုကျေးရွာ၊ ထီးဆောဒေါ်ကျေးရွာ၊ ဒီမောဆိုမြို့နယ်တွင်လည်းကောင်း သစ်ပင်စိုက်ပျိုးခြင်း ၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေး ပြောကြားခြင်း နှင့် သင်တန်းများ ပြုလုပ်ခြင်း ပြု လုပ်ခဲ့ပါသည်။

၄။ Experience Sharing and Waste Management Training ကို ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၂၃)ရက်နေ့တွင်၊ မေတ္တာဥယျာဉ်မြေ၊ ပဲခူးမြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

၅။ Pratical Learning (သဘာဝမြေသြဇာပြုလုပ်ခြင်း၊ အိမ်ခြံဥယျာဉ်သင်တန်းကို ၂၀၂၂ခုနှစ်၊ဒီဇင်ဘာလ (၅–၈)ရက်နေ့ တွင် သြစိန့်ဘုရားကျောင်း၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ မန္တလေးသာသနာပိုင်နယ်၊(အင်္ဂလီကန်) တွင်ပြုလုပ်ခဲ့သည်။

၂၀၂၂ခုနှစ်၊ ဇူလိုင်လ(၂၆)ရက်နေ့တွင် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၊ ဝန်ထမ်းခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဌာနမှ ကြီးမှူး၍ အနုပညာစွမ်းရည်ပြိုင်ပွဲ (ဆောင်းပါးနှင့် ဝတ္ထုတို) ပြိုင်ပွဲကို ကျင်းပခဲ့ပါသည်။ ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုကို စောဝေလျှံဖြိုး (ချစ်ရင်ထူး)၊ ကျွန်းညိုကြီးအသင်းတော်၊ ပိုးကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ ဒုတိယဆုကို စောဆာရှီးဘလု (ဆာရှီး)၊ ဘားအံနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ တတိယဆုကို ဒေါ်မြင့်မြင့်ကြည်(မိ) မွန်နှစ်ခြင်းအသင်းတော်၊ မြန်မာ နိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ နှစ်သိမ့်ဆုကို စောဖလားဆဲ (ဖလားဆဲ)၊ ဆားချက်ကရင်နှစ်ခြင်းအသင်းတော်၊ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်မှရရှိခဲ့ပြီး၊ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆု ကို ဒေါ်တင်နွဲ့(မေဉသာ) မြို့မမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၊ ဒုတိယဆုကို ဒေါ်တင်သန်း (ဂရုဏာ–ပဲခူး)၊ မြို့မ မက်သဒစ်အသင်းတော်၊ ပြည်ထောင်စု မြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ တတိယဆုကို ရှရီဝင့်သီရိဦး (Iceberg)၊ သဲဖြူ အရိုချင်းနှစ်ခြင်း ခရစ်ယာန်အသင်းတော်၊ မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အဖွဲ့ ချုပ်၊ နှစ်သိမ့်ဆုကို စသက်ဇော်မြင့်(ဆန်ဖာထိ–ကွင်းဘော)၊ ကွင်းဘောဇရပ်ဆိပ် အသင်းတော်၊ ပိုးကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်တို့မှ အသီးသီးဆွတ်ခူးသွားခဲ့ကြပါသည်။

ပြိုင်ပွဲဝင်ဆုရသူများကို ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ(၅) ရက်နေ့၊မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီ၊ ရန်ကုန်မြို့တွင် ကျင်းပခဲ့သော Green Church Event (World Soil Day) အစီအစဉ်တွင် ဆုရရှိသူများအားလုံးကို ဆုချီးမြင့်ခဲ့ပါသည်။

ဌာန၏ Climate Change Adaptation Project လုပ်ငန်းအစီအစဉ်များ

(၁) ၉-၁၃၊ မေလ၊၂၀၂၂ တွင် (Waste management) အမြင်ဖွင့်သင်တန်းအား ကရင်ပြည်နယ်၊ ဘားအံမြို့တွင်ပြုလုပ်ခဲ့ပါသည်။ ထို့အတူ

(၂) ၉-၁၃၊ မေလ၊၂၀၂၂ တွင် (Waste management) အမြင်ဖွင့်သင်တန်းအား ပဲခူးတိုင်း၊ ပြည်မြို့တွင်ပြုလုပ်ခဲ့ပါသည်။

(၃) ၂၅.၇.၂၀၂၂တွင် ဘားအံမြို့ရှိ (INGO, NGOs, CSO) အဖွဲ့(၁၆)ဖွဲ့ပါဝင်သော ဒေသဆိုင်ရာကွန်ယက်/ပလက်ဖေါင်းများတွင် ပါဝင်ခဲ့ပါသည်။

(၄) မေလ ၃၁ ရက် နှင့် ဇွန်လ ၅ ရက်နေ့များတွင် ပြည်မြို့နှင့် တောင်ငူမြို့များတွင် ဒေသဆိုင်ရာကွန်ယက်/ပလက်ဖေါင်းအစီအစဉ်တွင် (INGO, NGOs, CSO, Volunteer Group and 4 religious' leaders) များနှင့် အတူတကွ ပါဝင်ခဲ့ပါသည်။

(၅) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်များကို မေလနှင့်ဇူလိုင်လတွင် ကရင်ပြည်နယ်၊ ဘားအံမြို့၊ လှိုင်းဘွဲ့မြို့များတွင် လုပ်ဆောင်ခဲ့ပါသည်။

ထို့နည်းတူ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်များကို မေလနှင့်ဇူလိုင်လ ၂၀၂၂ ခုနှစ်တွင် ပဲခူးတိုင်း၊ ပြည်မြို့နှင့်တောင်ငူမြို့များတွင် လုပ်ဆောင်ခဲ့ပါသည်။

နိဂုံး

ဌာန၏ လုပ်ငန်းများကို မခသကမှ တာဝန်ရှိခေါင်းဆောင်များ၊ ဂိုဏ်းဂဏ အဖွဲ့ဝင်အသင်းတော် (၁၃) ပါးနှင့် Co-operating body မှ ခေါင်းဆောင်များ၏ ပူးပေါင်းပါဝင် ပံ့ပိုးခြင်း၊ တာဝန်ယူဆောင်ရွက်ပေးခြင်း၊ ဌာနကော်မတီဝင်များ၏လမ်းညွှန်မှုဖြင့် ဌာနလုပ်ငန်းများကို ၂၀၂၂ခုနှစ် ၊ ဧပြီလမှ စက်တင်ဘာလအထိ အခက်အခဲ အကြပ်အတည်းများကြားမှအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းအပေါ် အထူးပင် ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

စောဖြိုးမောင်မောင်မြ
အမှုဆောင်အတွင်းရေးမှူး
ဝန်ထမ်းခြင်းနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းဌာန

တစ်လုံးတစ်ဝတည်းဖြစ်ရေးအမျိုးသမီးလုပ်ငန်း

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၊ တစ်လုံးတစ်ဝတည်းဖြစ်ရေးအမျိုးသမီးလုပ်ငန်းသည် ၁၉၇၀ခုနှစ် အတွင်းတွင် ဂိုဏ်းပေါင်းစုံမှ အမျိုးသမီးခေါင်းဆောင်များ အတူတကွ တွေ့ဆုံလက်တွဲကြလျက် စတင်ဖွဲ့စည်းခဲ့ကြပါသည်။ အသင်းတော်ရှိ အမျိုးသမီးများ တစ်လုံးတစ်ဝတည်းဖြစ်ရေးကို မျက်ခြေမပြတ်စေဘဲ ခေတ်နှင့်အညီ အတွေးအခေါ်၊ ဗဟုသုတကြွယ်ဝစေမှု၊ ခေါင်းဆောင်မှုအရည်အသွေးများ တိုးတက်စေမှု၊ စီးပွါးရေး၊ လူမှုရေး၊ ဝိညာဉ်ရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်စေမှုတို့အတွက် အစီအစဉ်များ လုပ်ဆောင်လျက်ရှိပါသည်။

၂၀၂၀ခုနှစ်တွင် ဌာန၏ နှစ် (၅၀) ပြည့်ခဲ့ပြီဖြစ်ပါသည်။ သို့သော် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် ၁၉ ကြောင့် နှစ် (၅၀) ပြည့်ရွှေရတု ကျေးဇူးတော်ချီးမွမ်းခြင်း အစီအစဉ်ကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ (၂၀) ရက် (စနေနေ့) တွင် ZOOM (Online) အားဖြင့် ပြုလုပ်နိုင်ခဲ့ပါသည်။ ထို့ပြင် လက်ရှိတိုက်ပွဲရှောင်ပြည်သူများနှင့် လိုအပ်နေသော ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ မသန်စွမ်းများအတွက် တတ်အားသရွေ့ပံ့ပိုးနိုင်ခဲ့ပါသည်။

၁။ ခေါင်းဆောင်မှုသင်တန်း (Leadership Training)

(၁) ၂၂-၂၅ရက်၊ မတ်လ၊ ၂၀၂၂ခုနှစ်တွင် ခေါင်းဆောင်မှုသင်တန်းသို့ တက်ရောက်သူဦးရေ ကျား-၁၁ဦး၊ မ- ၃၂ဦး၊ ပေါင်း- ၄၃ဦး တက်ရောက်ခဲ့ပြီး အသင်းတော်အဖွဲ့ဝင်များ၊ ဒေသန္တရအသင်းတော်ကောင်စီ၊ မောနွေလအသင်းတော် (ယူနီယံ) ရွှေပြည်သာ၊ ဖေါဝီးဒီအမျိုးသမီး ဘက်စုံ ဖွံ့ဖြိုးရေး အသင်း၊ Yangon Kayin Baptist Women Associationတို့မှ ပါဝင်ခဲ့ပါသည်။

(၂) ၂၄-၂၇ရက်၊ မေလ၊ ၂၀၂၂ခုနှစ်တွင်ခေါင်းဆောင်မှုသင်တန်းသို့ တက်ရောက်သူဦးရေ ကျား- ၈ဦး၊ မ- ၃၆ဦး၊ ပေါင်း- ၄၄ဦး တက်ရောက်ခဲ့ပြီး အသင်းတော်အဖွဲ့ဝင်များ၊ ဒေသန္တရအသင်းတော်ကောင်စီ၊ မောနွေလအသင်းတော် (ယူနီယံ) ရွှေပြည်သာ၊ ဖေါဝီးဒီ အမျိုးသမီးဘက်စုံ ဖွံ့ဖြိုးရေးအသင်း၊ ဒလ-ဟံသာဝတီသာသနာနယ်၊ Yangon Kayin Baptist Wom-en Associationတို့မှ ပါဝင်ခဲ့ပါသည်။





(၃) ၁၉-၂၂ရက်၊ စက်တင်ဘာလ၊ ၂၀၂၂ခုနှစ်တွင် ခေါင်းဆောင်မှုသင်တန်းသို့ တက်ရောက်သူဦးရေ ကျား-၁၈ဦး၊ မ-၃၂ဦး၊ ပေါင်း- ၅၀ဦးတက်ရောက်ခဲ့ပြီး အသင်းတော် အဖွဲ့ဝင်များ၊ ဒေသန္တရအသင်းတော်ကောင်စီ၊ ဖေါ်ဝီးဒီ အမျိုးသမီး ဘက်စုံဖွံ့ဖြိုးရေးအသင်း၊ ဒလဟံသာ၀တီ သာသနာနယ်၊ တောင်ကြီးကက်သလစ်အမျိုးသမီးအဖွဲ့၊ Yangon Kayin Baptist Women Association, Karen Women Empowerment Group တို့မှပါဝင်ခဲ့ပါသည်။

၂။ Human Trafficking Awareness and Myanmar Legal System Training

၁၇-၁၈ရက်၊ အောက်တိုဘာလ၊ ၂၀၂၂ခုနှစ်တွင် Yangon Kayin Baptist Women Associationနှင့် တစ်လုံးတစ်ဝတည်းဖြစ်ရေးအမျိုးသမီးလုပ်ငန်းတို့ပူးတွဲပြုလုပ်သော Human Trafficking Awareness and Myanmar Legal System Training သို့ တက်ရောက်သူဦးရေ ကျား- ၈ဦး၊ မ- ၂၇ဦး၊ ပေါင်း- ၃၅ဦးတက်ရောက်ခဲ့ပြီး အသင်းတော်အဖွဲ့ဝင်များ၊ ဗမာနွေလ အသင်းတော် (ယူနီယံ) လိုင်သာယာ နှင့် ရွှေပြည်သာ ၊ ဒေသန္တရ အသင်းတော်ကောင်စီ၊ ဖေါ်ဝီးဒီ အမျိုးသမီး ဘက်စုံဖွံ့ဖြိုးရေး အသင်း၊ ဒလဟံသာ၀တီသာသနာနယ် တို့မှ ပါဝင်ခဲ့ပါသည်။

၃။ (က) ကမ္ဘာလုံးဆိုင်ရာဆုတောင်းရာနေ့အစီအစဉ် (World Day of Prayer)

မတ်လ ပထမပတ် (သောကြာနေ့) ကမ္ဘာလုံးဆိုင်ရာ ဆုတောင်းရာနေ့၏ ၂၀၂၂ခုနှစ် အဓိက အချက်မှာ "I Known the Plans I Have for you" 'သင်တို့အဖို့ကြံစည်သော အကြံတို့ကိုငါသိ၏" ခေါင်းစဉ်ဖြင့် ဘာသာပြန်ခြင်း၊ ဖြန့်ဝေခြင်းများကို မဒသက အဖွဲ့ဝင်အသင်းတော်များနှင့် ဒေသန္တရအသင်းတော်ကောင်စီများထံသို့ပေးပို့ပြီး အသင်းတော်အသီးသီးမှ ၄င်းတို့နှင့် နီးစပ်ရာ အချိန်တွင် ဝတ်ပြုခြင်းအစီအစဉ်များကိုပြုလုပ်ကြပါသည် ။

၃။ (ခ) အာရှအသင်းတော်အမျိုးသမီးကွန်ဖရင့်နေ့ (Asia Church Women's Conference Day)

နှစ်စဉ် ပြုလုပ်လေ့ရှိသည့် နိုဝင်ဘာ (၁၅) ရက် နေ့ အာရှအသင်းတော်အမျိုးသမီးကွန်ဖရင့်နေ့ ၂၀၂၂ ခုနှစ် အဓိက အချက်မှာ " ခရစ်တော်နှင့်အတူထမြောက်ခြင်း " ' Raised with Christ " ခေါင်းစဉ်ဖြင့် ဘင်္ဂလားဒေ့ရှ် အမျိုးသမီးများအဖွဲ့ (ACWC) မှ ဝတ်ပြုခြင်းအစီအစဉ်ကို ရေးဆွဲပြီး နိုင်ငံအသီးသီးမှ ဘာသာပြန်ခြင်း၊ ဖြန့်ဝေခြင်းများကို မိမိနှင့် သက်ဆိုင်သည့် အသင်းတော်များထံသို့ ပေးပို့ခဲ့ကြပါသည်။

၄။ အိမ်တွင်းသက်မွေးမှုလုပ်ငန်းထောက်ပံ့ခြင်းအစီအစဉ်

၂၀၂၂ခုနှစ်၊အောက်တိုဘာ -နိုဝင်ဘာလအတွင်း အိမ်တွင်းသက်မွေးမှုလုပ်ငန်းထောက်ပံ့ခြင်းအစီအစဉ်ကို အဖွဲ့ဝင် အသင်းတော်ရှိအမျိုးသမီး(၄၃)ဦးတို့ကိုတနိုင်တပိုင်လုပ်ငန်းလုပ်ဆောင်နိုင်ရန်အတွက်ထောက်ပံ့ခြင်းများပြုလုပ်နိုင်ခဲ့သည်။

၅။ ၁၆ ရက်တာလှုပ်ရှားမှုအစီအစဉ် (16 days of Activism)

၂၀၂၂ခုနှစ်၊ ဒီဇင်ဘာ (၈) ရက်နေ့တွင် ၁၆ ရက်တာလှုပ်ရှားမှုအစီအစဉ်ကို မြစ်ကြီးနားတွင် ပြုလုပ်ပြီး လူဦးရေ (၁၅၀) ဦး တက်ရောက်ခဲ့ပါသည်။

အောင်မြင်မှုနှင့်ရလဒ်များ

(၁) အသင်းတော်၊ အဖွဲ့အစည်းတွင် မိမိပါဝင်သည့် နေရာတွင် မည်ကဲ့သို့ တန်ဖိုးထားရမည်၊ ခေါင်းဆောင်တစ်ဦးသည် မိမိအဖွဲ့အစည်းတိုးတက်အောင်မည်ကဲ့သို့ လုပ်ဆောင်ရမည်နှင့် အစေခံကောင်းတစ်ဦးဖြစ်ရမည်ဆိုသည့် အသိပညာများစွာရရှိကြောင်း၊

(၂) Leadership is Action, not position ဆိုသည့်အတိုင်း မိမိအသင်းတော်တွင် ဦးဆောင်သူအဖြစ် ပါဝင် ဆက်ကပ်နေချိန်တွင် Action ဖြစ်အောင် ယခုထက်ပိုကြိုးစားမည်ဖြစ်ကြောင်း၊ Action Plans တွေဆွဲပြီး ပြုပြင်ပြောင်းလဲမည် ဖြစ်ကြောင်း၊



(၃) ရရှိသည့်အသိပညာများကို လက်ဆင့်ကမ်းမည်၊ မိသားစုတွင်လည်း ကလေးငယ်များကို ငယ်စဉ်ဘဝကပင် Gender ခွဲခြားမှုမရှိအောင် သင်ကြားခြင်း၊ လေ့ကျင့်ခြင်းဖြင့်အစပြုမည်ဖြစ်ကြောင်း၊

(၄) ဂျဲန်ဒါ၊ လူမှုရေး၊ အကြမ်းဖက်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ တရားမျှတခြင်းစသည့် ရှုထောင့်များစွာကို သမ္မာကျမ်းစာ အမြင်ဖြင့် လေ့လာသိရှိခွင့်ရရှိခြင်း၊

(၅) အရေးပေါ်ခွဲစိတ်မီးဖွားသည့် တိုက်ပွဲရှောင် ကိုယ်ဝန်ဆောင်၊ ခွဲစိတ်ကုသမည့် နို့တိုက်မိခင်နှင့် မုဆိုးမများတို့အတွက် ငွေသားဖြင့် ပံ့ပိုးပေးနိုင်ခဲ့ခြင်း၊

(၆) အမျိုးသမီးများအနေဖြင့် လုပ်ငန်းများလက်တွဲလုပ်ဆောင်ရာတွင် အမျိုးသမီးများ အချင်းချင်းနေရာပေးခြင်း၊ အကြံဉာဏ်များကို နားလည်လက်ခံပေးခြင်း၊ အမျိုးသားများအားရန်သူလိုသဘောမထားဘဲ အခြေအနေများအပေါ် အေးအေးဆေးဆေးညှိနှိုင်းဆောင်ရွက်မှုများဖြင့် ထည့်သွင်းစဉ်းစားရမည်ဟု သုံးသပ်ခဲ့ကြခြင်း၊

(၇) GBV နှင့်သက်ဆိုင်သော အခက်အခဲ၊ ပြဿနာများကို တစ်ဦးတည်း၊ တစ်မိသားစုတည်းမဟုတ်ပဲ ကွန်ယက်ချိတ်ဆက်၍ ပူးပေါင်းဖြေရှင်းရန်လိုအပ်ကြောင်းသိရှိလာခြင်း၊

၆။ စိန်ခေါ်မှုများ

(၁) Online နှင့်ပြုလုပ်ရခြင်းအားဖြင့် တချို့သော နေရာများတွင် Internet connection ကန့်သတ်ချက်များရှိခြင်းကြောင့် အခက်အခဲများရှိခြင်း၊

(၂) ကမ္ဘာ့ကပ်ရောဂါ Covid 19 နှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် အစီအစဉ်များကိုထိရောက်စွာလုပ်ဆောင်နိုင်ရန် အခက်အခဲများရှိခြင်း၊ ခက်ခဲမှုများကြားထဲမှ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများပြုလုပ်နိုင်ခဲ့ခြင်းသည် အဖွဲ့ဝင်အသင်းတော်၊ ဒေသန္တရအသင်းတော်များကောင်စီ၊ ကွန်ယက်အဖွဲ့များတို့၏ ပါဝင်ပူးပေါင်းမှုတို့ကြောင့်သာ ဖြစ်သည်။ ဆက်လက်၍ ဆုတောင်းပေးခြင်း၊ အကြံဉာဏ်များ ပေးခြင်း၊ ကူညီအားပေးခြင်းများနှင့်အတူ ဆက်လက် ပူးပေါင်း ပါဝင်ပေးကြပါရန် မေတ္တာရပ်ခံလျက် လေးစားစွာဖြင့်ကျေးဇူးတင်ခြင်းနှင့်အတူ နိဂုံးချုပ်ဖော်ပြအပ်ပါသည်။

တစ်လုံးတစ်ဝတည်းအမှုတော်မြတ်၌၊

သွဲ့စာ

အမှုဆောင်အတွင်းရေးမှူး

တစ်လုံးတစ်ဝတည်းဖြစ်ရေးအမျိုးသမီးလုပ်ငန်း

ဆရာမခိုင်ကေသီမင်းဒင်မှ သင်ကြားစဉ်

အမေးအဖြေ ကဏ္ဍ

တေးသံရှင်စောအောင်မျိုးမှ သီဆိုချီးမွမ်းနေစဉ်



တေးသံရှင်လားဒင်ထားရီရီမှ သီဆိုချီးမွမ်းစဉ်

Civil Peace Service [CPS]

Civil Peace Service (CPS) စီမံချက်သည် Bread for the World ၏ ပံ့ပိုးမှုဖြင့် ၂၀၂၁-၂၀၂၃ သုံးနှစ်တာ ပြုလုပ်မည့် စီမံချက်ဖြစ်ပါသည်။

(၁) သတင်းအချက်အလက်များအပေါ် ဝေဖန်ပိုင်းခြားသည့် အရည်အသွေးကို တိုးမြှင့်ရန်၊ ဆိုရှယ်မီဒီယာများအသုံးပြုခြင်း၏ အနုတ်သဘောဆောင်သော အကျိုးသက်ရောက်များကို လျော့ချနိုင်ရန် သတင်းအချက်အလက်များ ဆက်သွယ်ပြန်ကြားပေးပို့ရာတွင် ပဋိပက္ခမဖြစ်စေရန် ထိခိုက်မှုမဖြစ်စေရန် နည်းလမ်းများချမှတ်နိုင်ခြင်းဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေနိုင်ရန်။

(၂) အဖွဲ့ဝင်အသင်းတော်များ၊ ပူးပေါင်းဆက်သွယ်သောအဖွဲ့အစည်းများနှင့် ဆက်သွယ်မှုကွန်ယက်ကို ပိုမိုအားကောင်းစေရန် ရည်ရွယ်ချက်ဖြင့် စီမံချက်ကို လုပ်ဆောင်ခြင်းဖြစ်ပါသည်။

ထိုအတူ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ ကာလရှည်ကြာစွာ ရပ်တန့်နေခဲ့သော ဆက်သွယ်ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများကို ပြန်လည် အသက်သွင်းသည့် အနေဖြင့် ဌာနများ၏ လုပ်ငန်းများ ပိုမိုချောမွေ့စွာ လည်ပတ်နိုင်ရေးနှင့် လိုအပ်သော နည်းပညာဆိုင်ရာ ပံ့ပိုးကူညီခြင်းများကို လုပ်ဆောင်လျက် ရှိသလို မိတ်ဖက်အသင်းတော်များ၊ ပူးပေါင်းဆက်သွယ်သော အဖွဲ့အစည်းများနှင့် ဒေသန္တရအသင်းတော်များအား ရင်းနှီးမှုတည်ဆောက်ခြင်းနှင့် သတင်းအချက်အလက်များ ဆက်သွယ်ပြန်ကြားခြင်းလုပ်ငန်းများကိုလည်း ကြိုးစားလုပ်ဆောင်လျက်ရှိပါသည်။

စီမံချက်လုပ်ငန်းများ

(၁) အဖွဲ့ဝင်အသင်းတော်များ၊ ပူးပေါင်းဆက်သွယ်သော အဖွဲ့အစည်းများမှ ဆက်သွယ်ရေးလုပ်ငန်းများ စိတ်ပါဝင်စားလုပ်ဆောင်သူများနှင့် တွေ့ဆုံခြင်းကို ၄ ဂျူလိုင် ၂၀၂၂တွင် ပြုလုပ်ခဲ့ပြီး CPS အနေဖြင့် အဖွဲ့ဝင်အသင်းတော်များ၊ ပူးပေါင်းဆက်သွယ်သော အဖွဲ့အစည်းများမှာ ဆက်သွယ်ရေးဆိုင်ရာ လုပ်ကိုင်နေသူများနှင့် ကနဦးတွေ့ဆုံကာ သူတို့လုပ်ဆောင်နေသော အခြေအနေများကို ရှင်းလင်းတင်ပြခြင်းအား ကြားနာခြင်း၊ ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများဖြစ်သော သတင်းအချက်အလက်များ စီးဆင်းမှုဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ဆွေးနွေးတိုင်ပင်ခြင်း၊ CPS မှာ လုပ်ကိုင်မည့် အစီအစဉ်များဖြစ်သော ဆက်သွယ်ရေးနှင့် ဆိုင်သော အတွေ့အကြုံဝေမျှခြင်း၊ သုံးရက်တာသင်တန်း နှင့် ၂ ရက်တာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရန်ရှိသည်များကိုတင်ပြခြင်းနှင့် အကြံဉာဏ်များ တောင်းခံခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။

တက်ရောက်လာသူများမှ နောက်လုပ်မည့် သင်တန်းများတွင် အသင်းတော်တစ်ခု/အဖွဲ့အစည်းတစ်ခုအတွက် ကိုယ်စားလှယ် စေလွှတ်ရာတွင် တစ်ဦးအစား နှစ်ဦး သတ်မှတ်ပေးရန် တောင်းဆိုခဲ့ပါသည်

(၂) ဆက်သွယ်ရေးနှင့် သတင်းမီဒီယာဆိုင်ရာ အတွေ့အကြုံဝေမျှခြင်းကို ၁၄ ဂျူလိုင် ၂၀၂၂ တွင် ပြုလုပ်ခဲ့ပြီး သိက္ခာတော်ရ ဆရာအယ်ဂလယ်မှူး (မြန်မာ့တမန် အယ်ဒီတာဟောင်း) မှ ပုံနှိပ်မီဒီယာနှင့် စာနယ်ဇင်းကျင့်ဝတ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမနော်ဖိုးဘီ (ဆက်သွယ်ရေး ဒါရိုက်တာ၊ ဝေါဗီရှင်) မှ အဖွဲ့အစည်းဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမ ဂျူးဒစ် (စီဘီအမ် ခရစ်ယာန်မီဒီယာ) မှ ဆိုရှယ်မီဒီယာခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး တစ်ရက်တာအစီအစဉ်ကို Zoom + Inperson (Hybrid) ပြုလုပ်ခဲ့ရာ အဖွဲ့ဝင်အသင်းတော်များ၊ ပူးပေါင်း ဆက်သွယ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၄၀) ခန့်ဖြင့် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

(၃) ဆက်သွယ်ရေးနှင့် သတင်းမီဒီယာဆိုင်ရာ သုံးရက်တာ သင်တန်းကို ၇ – ၉ စက်တင်ဘာ ၂၀၂၂ တွင် ပြုလုပ်ခဲ့ပြီး ပထမနေ့တွင် သတင်းမီဒီယာဆိုင်ရာသိနားလည်မှုခေါင်းစဉ်ဖြင့် ဆရာဂျေပိုင် (အယ်ဒီတာချုပ်၊ ရောဝတီ သတင်းဌာန)မှ လည်းကောင်း၊ ဒုတိယနေ့တွင် အဖွဲ့အစည်း ဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းခေါင်းစဉ်ဖြင့် ဆရာမ အေးမြငြိမ်း မှ လည်းကောင်း၊ တတိယနေ့တွင် ဆက်သွယ်ရေးဆိုင်ရာ ပေါ်လစီရေးဆွဲခြင်းနှင့် လုပ်ငန်းလုပ်ဆောင်ခြင်း ခေါင်းစဉ်ဖြင့် ဆရာမအေးသဒ္ဒါလှ (ဆက်သွယ်ရေးမန်နေဂျာ) တို့မှ အွန်လိုင်းမှ တဆင့် သင်ကြားပြီး ဆရာမဒီမိုးနာခူးမှ လူတွေ့ဖြင့် ဦးဆောင်ကာ သင်တန်းကို တာဝန်ယူခဲ့ပါသည်။ ကိုယ်စားလှယ် ၄၀ ယောက် ပါဝင် တက်ရောက်ခဲ့ပြီး အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပါသည်။

(၄) ၃–၄၊ နိုဝင်ဘာလ၊ ၂၀၂၂ ခုနှစ်တွင်လည်း သုံးရက်တာ အစီအစဉ်တွင် တက်ရောက်ခဲ့သော အဖွဲ့ဝင်အသင်းတော် (၁၃) ပါးနှင့် ပူးပေါင်းဆက်သွယ်သော အဖွဲ့အစည်း (၁၄) ပါး မှ ကိုယ်စားလှယ်များနှင့်ပြန်လည်တွေ့ဆုံကာ တက်ရောက်လာသူများမှ ယင်းတို့၏ အသင်းတော်များ နှင့် အဖွဲ့အစည်းများ၏ သတင်းအချက်အလက်များကို ပြန်လည်မွမ်းမံ စုဆောင်း အတည်ပြုကာ အသင်းတော်များ၊ အဖွဲ့အစည်းများ၏ နေ့ထူး နေ့မြတ်များနှင့် အတူ Planner ကိုလည်း ထုတ်ဝေ ဖြန့်ဖြူး နိုင်ခဲ့ပါသည်။





(၄) မခသက ဌာနမှ ဝန်ထမ်းများနှင့် Cooperating Meet-ing ကိုလည်း နိုဝင်ဘာ ၁၈ နေ့တွင် Cozy Farm ၌ ပြုလုပ်နိုင်ခဲ့ပါသည်။

(၅) မခသက၏ လှုပ်ရှားမှုများအား နှစ်အကုန်တွင် သတင်းလွှာအဖြစ် ထုတ်ဝေကာ အဖွဲ့ဝင်အသင်းတော်များနှင့် ပူးပေါင်းဆက်သွယ်သောအဖွဲ့အစည်းများသို့ ဖြန့်ဖြူး ပေးပို့ခြင်းကိုလည်း လုပ်ဆောင်နိုင်ခဲ့ပါသည်။

ထိုအပြင် မခသက၏ ဆက်သွယ်ပြန်ကြားရေးလုပ်ငန်းအနေဖြင့် လုပ်ငန်းဆောင်တာများကိုလည်း အောက်ပါအတိုင်း ပြုလုပ်နိုင်ခဲ့ပါသည်။

(၁)(၈၈)ကြိမ်မြောက်မခသကသင်းလုံးကျွတ်အစည်းအဝေးကြီးနောက်ပိုင်း မခသက၏ ၂၀၂၂-၂၀၂၄ သက်တမ်းအတွက် သတင်းအချက်အလက်များကို လက်ကမ်းစာစောင်အဖြစ် မြန်မာဘာသာနှင့်ရော အင်္ဂလိပ်ဘာသာဖြင့်ပါ ထုတ်ဝေကာ အဖွဲ့ဝင်အသင်းတော်များ၊ ဒေသန္တရအသင်းတော်များ၊ ပူးပေါင်းဆက်သွယ်သောအဖွဲ့အစည်းများထံသို့ ပေးပို့နိုင်ခဲ့ပါသည်။

(၂) မခသက ၏ တစ်လုံးတစ်ဝတည်းဖြစ်ရေး လှုပ်ရှားမှုကို မှတ်တမ်းပြုစုကာ မြေပုံအဖြစ် ရေးဆွဲခြင်းကိုလည်း ပြုလုပ်နိုင်ခဲ့ပါသည်။

(၃) အဖွဲ့ဝင်အသင်းတော်များ၏ တည်နေရာပြ မြေပုံကိုလည်း ရေးဆွဲကာ အဖွဲ့ဝင်အသင်းတော်များသို့ ပေးပို့နိုင်ခဲ့ပါသည်။

(၄) မခသက၏ ဖေ့ဘွတ်စာမျက်နှာနှင့် ဝက်ဆိုဒ်ကိုလည်း သတင်းများတင်ခြင်းနှင့် ပြင်ဆင်မွမ်းမံခြင်းများကိုလည်း ပြုလုပ်နိုင်ခဲ့ပါသည်။

(၅) မခသက၏ official mail ဖြစ်သော info@mccoikom ကိုလည်း စောင့်ကြည့်ကာ သက်ဆိုင်ရာသတင်းများကို သက်ဆိုင်ရာဌာနများသို့ သတင်းပေးပို့ပြန်ကြားခြင်းကိုလည်း လုပ်ဆောင်နိုင်ခဲ့ပါသည်။

(၅) မခသက၏ သင်တန်းများ၊ လှုပ်ရှားမှုများအား မှတ်တမ်းဓါတ်ပုံများ ရိုက်ကူးပေးခြင်း။ Zoom ဖြင့် ပြုလုပ်သော အစီအစဉ်များအတွက် နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးခြင်းများကိုလည်း လုပ်ဆောင်ပေးနိုင်ခဲ့ပါသည်။

ကိုဗစ်ရောဂါလိုင်းနှင့်အတူ နိုင်ငံရေးမတည်ငြိမ်မှုများရှိနေသော်လည်း ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် အဖွဲ့ဝင်အသင်းတော်များ၊ ပူးပေါင်းဆက်သွယ်သော အဖွဲ့အစည်းများမှ ယုံကြည်စွာ လက်တွဲလျက် အစီအစဉ်များ လုပ်ဆောင်နိုင်ခဲ့ရသလို မခသကမှ ဝန်ထမ်းများ၏ အားပေးကူညီမှုကြောင့် ၂၀၂၂ တစ်နှစ်တာလုပ်ငန်းစဉ်များကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း အစီရင်ခံစာ တင်ပြအပ်ပါသည်။

စောအိုဖဲလေး

ပရောဂျက်မန်နေဂျာ

Civil Peace Service (CPS)

HIV/AIDS umuGfv;q;D&;eSh jy'pkapif;tpD0f

သမိုင်းကြောင်း

၁၉၈၈ ခုနှစ်၊ နိုင်ငံတော်အစိုးရမှ HIV ပိုးရှိသူကို စတင်တွေ့ရှိကြောင်း ကြေငြာသည့်နောက်မှ စတင်၍ MCC ၏ လုပ်ငန်းဌာနများကို HIV/AIDS အသိပညာ ဗဟုသုတကို စတင် ပေးခဲ့ပါသည်။ ကချင်ပြည်နယ်နှင့် အရှေ့ရှမ်းကျိုင်းတုံတွင် မူးယစ်ဆေးဝါးပြဿနာ၊ လိင်အပျော်အပါးပြဿနာများကြောင့် HIV ပိုးကူးစက်ခံရပြီး၊ သေဆုံးမှုများပြားလာသောအခါ၊ အသင်းတော်ခေါင်းဆောင်များ သတိထား လာကြသောကြောင့်၊ HIV/AIDS Awareness ကို MCC မှဦးဆောင်ပြီး HIV/AIDS အသိပညာများ ပေးခဲ့ပါသည်။ ၁၉၉၃ခုနှစ်၊ မတ်လတွင် AIDS ကော်မတီကိုစတင်ဖွဲ့စည်းခဲ့ရာ၊လူငယ်ဌာနနှင့်အမျိုးသမီးဌာနမှ လည်း ပူးပေါင်းပါဝင်ခဲ့သည်။ ၁၉၉၅ခုနှစ်၊ N-YMCA တွင် ကျင်းပသော Round Table Meeting တွင် HIV စီမံချက် ကိုပြုလုပ်သင့်ကြောင်း တင်ပြခဲ့ရာ သဘောတူညီရယူခဲ့ပြီး၊ HIV/AIDS ကာကွယ်တားဆီးရေး ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများကို ယနေ့တိုင်အောင် ဆောင်ရွက်လျက်ရှိပါသည်။ ကနဦးတွင် ဒေသ (၂)ခုမှ စတင်ခဲ့ပြီး၊လိုအပ်ချက်ပေါ်မူတည် ၍ ဒေသများကို တိုးချဲ့ဆောင်ရွက်ခဲ့ရာ ဒေသ (၉)ခုမှ အသင်းတော်များ နှင့်ပူးပေါင်းဆောင်ရွက်ခဲ့သည်။ အသင်းတော်၏ ပါဝင်မှုဖြင့်ဆောင်ရွက်ခဲ့ပြီးနောက် Norwegian Church AIDS (NCA), Christian Aid (CA) တို့မှ ရံပုံငွေဖြင့်ဆောင်ရွက်ခဲ့သည်မှာ ၂၀၁၆ ခုနှစ်တိုင်အောင်ဖြစ်ပြီး၊ ၎င်းနောက်ပိုင်းတွင် အသင်းတော်၏ပါဝင်မှု၊ တစ်ဦးချင်းပါဝင်မှု



ဖြင့် ဆက်လက်ဆက်ကပ် ဆောင်ရွက်လျက်ရှိပါသည်။ အသင်းတော်ဂိုဏ်းဂဏအတွင်း ပူးပေါင်းဆောင်ရွက်သလို၊ ၂၀၀၉ခုနှစ်မှ စတင်၍ အခြားသောဘာသာများနှင့်လည်း တိုချဲ့ကာ ကွန်ရက်အဖြစ် ပူးပေါင်းဆောင်ရွက်ခဲ့သည်မှာ ယနေ့တိုင်အောင်ဖြစ်ပါသည်။ထို့အပြင် MCC၏မိတ်ဖက်အဖွဲ့ဖြစ်သော CCA ဖြင့်သော်လည်းကောင်း၊ အာရှအဆင့်ဘာသာပေါင်းစုံပူး ပေါင်းဆောင်ရွက်မှုအဖွဲ့ (AINA) နှင့်လည်းပူးပေါင်းဆောင်ရွက် လျက်ရှိပါသည်။ကိုဗစ်-၁၉ကာလနှင့်ပဋိပက္ခကာလတွင်ပြည်သူ များ၏ စားဝတ်နေရေး ဒုက္ခအခက်အခဲများစွာ ကြုံတွေ့ရခြင်း၊ လူငယ်များပညာသင်ကြားရန် အနှောက်အယှက်ဖြစ်ရခြင်းတို့ ကြောင့်၊ လိင်လုပ်သားအဖြစ်သော်လည်းကောင်း၊ မူးယစ်ဆေး ဝါး၏ သားကောင် အဖြစ်သော်လည်းကောင်း ကျဆင်းလျက် ရှိနေသောကြောင့် HIV ပိုးကူးစက်မှုအန္တရာယ်မှလွတ်ကင်းရန်၊ အသင်းတော်များ၊ အသင်းတော် ခေါင်းဆောင်များမှ HIV/AIDS ကာကွယ်တားဆီးရေးကို ဆောင်ရွက်ရန်၊ ဦးဆောင်ပါဝင်ရန် လိုအပ်လျက် ရှိနေပါသည်။

၁။ ကော်မတီအစည်းအဝေးများ (Meetings)

ကော်မတီအစည်းအဝေးကို ၁၆-၉-၂၀၂၂ ရက်နေ့မွန်းလွဲ ၂း၀၀ နာရီမှ ၄း၀၀ နာရီအတွင်းပြုလုပ်ရာတွင် ဒုတိယ သဘာပတိ ဆရာဦးအမ်ဂျာနော်မှ သဘာပတိအဖြစ် ဆောင်ရွက် ခဲ့ရာ၊ ရန်ကုန်ရှမ်းမြောက်-လားရှိုး, Methodist-Upper Myanmar Church, Ayarwaddy နယ် မှကိုယ်စားလှယ်များ၊နည်းပ ညာအကြံပေးနှင့် ကော်မတီဝင် စုစုပေါင်း-၁၀ ဦးတက်ရောက် ပါသည်။အစည်းအဝေးတွင်လက်ရှိ HIV ကူးစက်မှုနှုန်း အခြေ အနေနှင့် ဆောင်ရွက်ပြီးစီးခဲ့မှုများကို ဒေါ်ခေါန်တောင်မှ တင်ပြ ခဲ့ပြီး၊ ရှေ့လုပ်ငန်းစဉ်အတွက် ကော်မတီဝင်များမှ အကြံပြု ဆွေးနွေးရာ HIV Forum ကျင်းပခြင်း၊ Self Help Group Gathering ပြုလုပ်ခြင်းနှင့်National AIDS Program ၏အကြံပြုချက် အရ ကာကွယ်တားဆီးရေး အစီအစဉ်များကို ပြန်လည်တိုးချဲ့ ပြုလုပ်သွားရန် သဘောတူကြပါသည်။



၂။ သင်တန်းများ (Capacity Building)

MINA မှ8-10 June ရက်နေ့တွင် ဦးစီးပြုလုပ်ပေးသော Financial Management Training , Community Partners International မှ15-7 July သင်ကြားပို့ချသော Covid 19 and Vaccine Awareness Training, TOT training နှင့် 9-11 September တွင်ပြုလုပ်သော Project Cycle Management သင်တန်းများကို တက်ရောက်နိုင်ခဲ့ပါသည်။

၃။ အခမ်းအနားများ (Advocacy events)

၃-၁။ မေလ ၁၅ရက်နေ့၊ တတိယအပတ်တနင်္ဂနွေနေ့တွင် International AIDS Candle Light Memorial (CLM) ကို Zoom virtual ဖြင့် MINA ကွန်ရက်နှင့်ပူးပေါင်းကျင်းပခဲ့သည်။

၃-၁။ စက်တင်ဘာလ ၅ရက်နေ့တွင် Drug User ကွန်ရက်(ND-NM) မှကျင်းပသော International Overdose awareness Day

၃-၂။ ဩဂုတ်လ ၁၂ရက်နေ့တွင် လူငယ်ကွန်ရက်(MYS) မှကျင်းပသော International Youth Day,

၃-၄။ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာလ (၁)ရက်နေ့တွင် HIV ကွန်ရက် (၈) ခု နှင့်သော်လည်းကောင်း၊ ဒီဇင်ဘာလ (၂)ရက်နေ့တွင် ရန်ကုန်တိုင်း ခုခံကျ ကာလသား တိုက်ဖျက်ရေးအဖွဲ့နှင့်သော်လည်းကောင်း ပူးပေါင်းကျင်းပမည်ဖြစ်ပါသည်။

၄။ ကွန်ရက်ချိတ်ဆက်ခြင်းနှင့်ညှိနှိုင်းဆောင်ရွက်ခြင်းများ (Networking and Coordination)

MINA မှ Alliance Myanmar နှင့် Covid 19 project ကိုသော်လည်းကောင်း, Myanmar Positive Group MPG နှင့် Community Feedback Mechanism project ကိုသော်လည်းကောင်း ၂၀၂၂ခုနှစ်တွင် Community Led Monitoring လူထုဦးဆောင်၍စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်း (PEPFAR ၏ Implementing Partners များပေးနေသော ဝန်ဆောင်မှုများကို စောင့်ကြည့်စစ်ဆေးခြင်း) လုပ်ငန်းများတွင်ကိုယ်စားလှယ်တစ်ယောက်အနေဖြင့်လည်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ HIV ကွန်ရက် (၈) ခုပါဝင်သော Community Network Consortium (CNC) တွင် ဘာသာပေါင်းစုံ ကွန်ရက်၏ကိုယ်စားလှယ် အဖြစ် ဒေါ်ခေါန်တောင်မှ ပါဝင်နေပြီး၊ ပုံမှန်လစဉ်တွေ့ဆုံ၍ HIV Community ၏သတင်းအချက်အလက်များ ရယူခြင်း ၊ဖြေရှင်းရန်လိုအပ်သောပြဿနာများ ၊ကူညီရန် လိုအပ်သော ကိစ္စရပ်များကို ကွန်ရက်များပူးပေါင်းကာ၊ ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၂ ခုနှစ်၊ဩဂုတ်လ ၂-၄ ရက်အတွင်း၊ Christian Conference of Asia (CCA) မှဦးစီးကျင်းပသော Asia Regional Consultation on Strengthening Interfaith Actions in HIV Response အလုပ်ရုံ ဆွေးနွေးပွဲကို MCC – General Secretary Rev. မန်းပါမာစတန်နှင့်ဆရာသော်တာထွန်းတို့မှ ကိုယ်စားပြုတက်ရောက်ခဲ့ပြီး၊ HIV နှင့်ပတ်သက်၍ အသင်းတော်များ၏ အခန်းကဏ္ဍများကို ဆွေးနွေးခဲ့ကြပါသည်။

၅။ ထောက်ပံ့မှုများ (Covid-19 Emergency Supports)

Community Partners International ၏ပံ့ပိုးမှုဖြင့် ဆင်းရဲနွမ်းပါး၍ အေအာတီပိုးထိန်းဆေး သောက်နေသူ ရန်ကုန်မှ (PLHIV) (၆၀) ဦး၊ မြစ်ကြီးနားမှ (၃၀) ဦး၊ ကလေးမြို့မှ (၃၀) ဦးနှင့် လားရှိုးမြို့မှ (၃၀) ဦး၊စုစုပေါင်း-၁၅၀ ဦးကို ကိုဗစ်-၁၉ အရေးပေါ်ထောက်ပံ့မှု၊ ဆေးရုံတက်စရိတ် ၊အေအာတီဆေးသွားထုတ်သည့် ခရီးစရိတ်နှင့် ကိုဗစ်-၁၉ အကာအကွယ်ပစ္စည်းများကို ထောက်ပံ့ပေးသည့်အပြင် ကိုဗစ်၁၉နှင့် ကာကွယ်ဆေးအကြောင်းကို အသိပညာပေးနိုင်ခဲ့ပါသည်။

၆။ ကာကွယ်တားဆီးခြင်း (Prevention)

၂၈-၁၀-၂၀၂၂ ရက်နေ့၊ မွန်းလွဲ ၁၂း၀၀ နာရီမှ ၄း၃၀ နာရီအထိ၊ မန္တလေးမြို့၊ မြန်မာနိုင်ငံ ခရစ်ယာန်ဓမ္မကောလိပ်-အထက်မြန်မာမက်သဒစ်အသင်းတော်မှကျမ်းစာကျောင်းသား (၆၀) ကျော်နှင့် အချိန်ပြည့်ဓမ္မကထိက(၇)ပါးကို HIV / AIDS ဆိုင်ရာဗဟုသုတများနှင့် HIV update data များကို ဝေမျှခဲ့ပါသည်။

နိဂုံး

အခက်အခဲများကြားမှ လုပ်ငန်းအချို့ကို ဆောင်ရွက်နိုင်သော်လည်း၊ အစည်းအဝေးများ၊သင်တန်းများကို လူတွေ့ပြုလုပ်ရန် ခက်ခဲခြင်း၊ Zoom နှင့်ပြုလုပ်ရာတွင် လျှပ်စစ်မီးနှင့် အင်တာနက်ဆက်သွယ်မှုနှေးကွေးခြင်းများကြုံတွေ့ရသည်။

ခွဲခြားအပြစ်တင် နှိမ်ချဆက်ဆံမှုများကြောင့် လူမှုအသိုင်းအဝန်းတွင် ရှိနေဆဲဖြစ်သောကြောင့် ဆေးရုံ/ ဆေးခန်းများတွင် ဝန်ဆောင်မှု လာရောက်ရယူရန်အတွက် အဟန့်အတား ဖြစ်နေဆဲ ဖြစ်ပါသည်။

လက်ရှိပဋိပက္ခအခြေအနေအတွင်း ဆေးရုံများတွင် လူစွမ်းအားအရင်းအမြစ်နည်းပါးခြင်း၊ စရိတ်မျှပေးပုံစံမျိုး၊ အလှူငွေကောက်ခံမှုမျိုးများရှိလာခြင်း၊ အေအာတီဆေးဝါးကို ယခင်ကရက်ရှည် ရရှိခဲ့သော်လည်း၊ ယခုအခါတွင် ရက်တို(တစ်လ)ရရှိခြင်းတို့ကြောင့် လူနာများ အခက်အခဲ ကြုံတွေ့လျက်ရှိနေပါသည်။

သာသနာ့ခေါင်းဆောင်များ ပိုမိုပါဝင်လာစေရန်နှင့် အသင်းတော်မှ HIV/AIDS ကာကွယ်တားဆီးရေး လုပ်ငန်း နှင့်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းကို Healing Ministry အဖြစ် ဆောင်ရွက်ရန် မေတ္တာဖြင့် တိုက်တွန်းနိုးဆော်အပ်ပါသည်။

ခေါန်တောင်
အကျိုးဆောင်ညှိနှိုင်းရေးမှူး
MCC – HIV/AIDS



jynfolvlxkajcjyK i§ufzsm;a&m*gumuG,fa&; pDrHudef

သမိုင်းကြောင်း –

မြန်မာနိုင်ငံ ခရစ်ယာန် အသင်းတော်များကောင်စီ (MCC) ၏ ပြည်သူလူထုအခြေပြု ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးစီမံချက် (CBMPCP) ကို ၂၀၀၂ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ငှက်ဖျားရောဂါ ကာကွယ်ရေးနှင့်ထိန်းချုပ်ရေး အစီအစဉ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံကိန်း (NMCP)၊ UN Organization၊ ပြည်တွင်းနှင့်နိုင်ငံတကာ NGO အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် GFATM (Global Fund to fight against AIDS, TB and Malaria) အထောက်အပံ့ဖြင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မြို့နယ်ပေါင်း ၁၈ မြို့နယ်၊ ကျေးရွာပေါင်း ၆၃၂ ရွာတို့တွင် ငှက်ဖျားကာကွယ်ကုသရေး လုပ်ငန်းများ ဆောင်ရွက် လျှက်ရှိရာမှ ယခုအခါတွင် မြို့နယ်ပေါင်း ၁၇ မြို့နယ် အတွင်းရှိ ကျေးရွာပေါင်း ၅၃၂ ရွာတို့တွင် ငှက်ဖျားရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများနှင့် အတူ ငှက်ဖျားရောဂါ ကူးစက်မှုပပျောက်ရေးလုပ်ငန်းများကို လည်းအကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။

လုပ်ငန်းများ

စီမံချက်ကျေးရွာများတွင် စေတနာ့ဝန်ထမ်း တစ်ဦးစီကို ရွေးချယ်ပြီး ငှက်ဖျားရောဂါကာကွယ် နှိမ်နင်းရေး သင်တန်းများပေး၍ မိမိတို့ကျေးရွာ အသီးသီးတွင် စီမံချက်၏ ဆေးဝါးအထောက်အပံ့ဖြင့် ငှက်ဖျားရောဂါ ကာကွယ်ကုသရေး လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါသည်။ အဓိကအားဖြင့် ငှက်ဖျားသံသယလူနာများအား ငှက်ဖျားပိုး အမြန်သွေးစစ်ကိရိယာဖြင့် သွေးဖောက်စစ်ဆေးခြင်း၊ ပိုးတွေ့လူနာ များအား အမျိုးသား ငှက်ဖျားရောဂါ တိုက်ဖျက်ရေး စီမံကိန်းမှ ညွှန်ကြားထားသည့်အတိုင်း ကုသမှုပေးခြင်း၊ ပြင်းထန်လူနာများအား နီးစပ်ရာ ဆေးရုံ ဆေးခန်းများသို့ လွှဲပြောင်းပေးခြင်း၊ ကျေးရွာ လူထုသို့ ကျန်းမာရေးအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးစိမ်ခြင်ထောင် ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။ စီမံချက်ဝန်ထမ်းများမှ သက်ဆိုင်ရာကျေးရွာများရှိ စေတနာ့ဝန်ထမ်းများထံသို့ လစဉ်ကွင်းဆင်းပြီး ဆေးဝါးများ ထောက်ပံ့ခြင်း၊ နည်းပညာပံ့ပိုးပေးခြင်း၊ အစီရင်ခံစာများ ကောက်ယူခြင်းတို့ကို ဆောင်ရွက်လျှက်ရှိပါသည်။ ထို့အပြင် စေတနာ့ဝန်ထမ်းများအား မွမ်းမံသင်တန်းများ ပံ့ပိုးပေးခြင်းနှင့် လုပ်ငန်းဆန်းစစ် အကဲဖြတ်အစည်းအဝေးပွဲများ ကျင်းပခြင်း

တို့ကို နှစ်စဉ်ဆောင်ရွက်လျှက်ရှိပါသည်။ စီမံချက်ဝန်ထမ်းများ အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများမှ ပြုလုပ်သော အစည်းအဝေးပွဲများ၊ အမျိုးသားငှက်ဖျားရောဂါ တိုက်ဖျက်ရေး စီမံကိန်းမှ ကျင်းပသော ညှိနှိုင်းအစည်းဝေးပွဲများ၊ ပြည်နယ်နှင့်တိုင်းများမှ ပြုလုပ်သော အစည်းဝေးပွဲများသို့ ပါဝင်တက်ရောက်လျှက်ရှိပါသည်။ ထို့အပြင် စီမံချက်ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကိုလည်း တက်ရောက်စေခဲ့ပါသည်။

လုပ်ငန်းပြီးစီးမှုအခြေအနေ

၂၀၂၂ ခုနှစ် ဇန်နဝါရီ လမှ အောက်တိုဘာလအထိ မြန်မာနိုင်ငံခရစ်ယာန် အသင်းတော်များ ကောင်စီ ပြည်သူလူထု အခြေပြု ငှက်ဖျားရောဂါ ကာကွယ်နှိမ်နှင်းရေး စီမံချက် (CBMPCP) အနေဖြင့် ငှက်ဖျားသံသယလူနာပေါင်း ၅၁,၆၅၆ ယောက်ကို ငှက်ဖျားပိုး အမြန်သွေးစစ် ကိရိယာဖြင့် သွေးဖောက် စစ်ဆေးခဲ့ပြီး ပိုးတွေ့လူနာ ၃,၅၉၄ ယောက်ကို အမျိုးသားငှက်ဖျားရောဂါ တိုက်ဖျက်ရေး စီမံကိန်းမှ ညွှန်ကြား ထားသည့် ကုသမှုလမ်းညွှန်အတိုင်း ကုသမှုပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ဆေးစိမ်ခြင်ထောင် ၇,၁၀၉ လုံးကို ပိုးတွေ့ လူနာများ ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက် ကလေးငယ်များ၊ ရွှေ့ ပြောင်းသွားလာ နေထိုင်သူများအား ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ မင်းတပ်၊ မတူပီနှင့် ထန်တလန်မှ စေတနာ့ဝန်ထမ်းများမှအပ ကျန်မြို့နယ်များရှိ စေတနာ့ဝန်ထမ်းများအား ငှက်ဖျားရောဂါ ကာကွယ်နှိမ်နှင်းရေးနှင့် ကူးစက်မှုပပျောက်ရေး မွမ်းမံ သင်တန်းများ ပို့ချနိုင်ခဲ့ပါသည်။ ထို့အပြင် နယ်ရုံးမှစီမံချက် ဝန်ထမ်းများအတွက် ငှက်ဖျား ရောဂါကူးစက်မှုပပျောက်ရေးသင်တန်းအား online နှင့် လူကိုယ်တိုင်ပူးတွဲတက်ရောက်နိုင်သည့် သင်တန်းအား ပြုလုပ်နိုင်ခဲ့ပါသည်။ အမျိုးသား ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံကိန်း၊ အခြား မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်နယ်နှင့် တိုင်းများမှ ကျင်းပသော ညှိနှိုင်းအစည်းဝေးပွဲများကိုလည်း တက်ရောက်နိုင်ခဲ့ပါသည်။

နိဂုံးချုပ် –

အချုပ်အားဖြင့်ဆိုရသော် စီမံချက်ကျေးရွာများတွင် စီမံချက်မစတင်မီ ငှက်ဖျားရောဂါပြဿနာ ကြီးမားစွာခံစားရပြီး စီမံချက်ဝင်လာသည့်နောက်ပိုင်းတွင်ငှက်ဖျားရောဂါပြဿနာမှာ သိသိသာသာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် MCC ငှက်ဖျား ရောဂါ ကာကွယ်နှိမ်နှင်းရေး စီမံချက်မှာ အောင်မြင်သော စီမံချက်တစ်ခုဖြစ်ပါသည်။

တစ်လုံးတစ်ဝတည်းသော အမှုတော်မြတ်၌

ဒေါက်တာ ခင်မောင်ဝင်း
စီမံချက် မန်နေဂျာ
MCC ငှက်ဖျားစီမံချက်

zefqifurÇ xefobf apmifusyf

ချစ်ရင်ထူး
(qkpmr)

နိဒါန်း

ဖန်ဆင်းကမ္ဘာ ထိန်းသိမ်းစောင့်ရှောက်ပါဟု ဆိုရာတွင် ယနေ့ကမ္ဘာပေါ်တွင် နေထိုင်ကြသော လူသားများသည် မဖြစ်မနေ လုပ်ဆောင်ရမည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ယနေ့ နေရာတိုင်း ဒေသအသီးသီးတို့တွင် ဘုရားသခင် ဖန်ဆင်းထားသော ကမ္ဘာလောကရှိ လက်ရာတော်များကို လျစ်လျူရှု၍ အသက်ရှင်နေထိုင်ကြပါသည်။ တစ်နည်းအားဖြင့် မိမိ၏စားဝတ်နေရေးအတွက်သာ အသက်ရှင်၍ နေထိုင်ကြပါသည်။ မိမိ၏ စားဝတ်နေရေးအတွက်ကြောင့် လူသားများသည် ဘုရားသခင်၏ လက်ရာတော်များကို ထုတ်ယူ၍ သုံးစွဲခြင်း၊ ဖျက်ဆီးခြင်းအမျိုးမျိုးတို့ကို လုပ်ဆောင်နေကြပါသည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့်လည်း ဘေးထွက်ဆိုးကျိုးအမျိုးမျိုးနှင့်လူသားများ ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ရာသီဥတုဖောက်ပြန်ခြင်း၊ မြေပြိုခြင်း၊ ငလျင်လှုပ်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ အနာဆိုးအမျိုးမျိုးပေါ်ပေါက်ခြင်း လူသားများ ရှူရှိုက်ရန်အတွက် အောင်ဆီဂျင်များ လျော့နည်းလာခြင်း၊ ကမ္ဘာလောက၌ လူသားများ ကြာရှည်၊ အ

သက်ရှည်စွာ မနေထိုင်ရခြင်း စသည့်ပြဿနာအမျိုးမျိုးဖြင့် ရင်ဆိုင်ကြုံတွေ့လျက် ရှိပါသည်။ ထိုသို့ဖြစ်ရခြင်းသည် လူသားများ၏ လောဘ၊ ဒေါသ၊ တက်မက်မှု၊ ပြိုင်ဆိုင်မှု၊ အနိုင်ယူလိုမှု စသည့် အကြောင်းတရားများကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ယနေ့ကမ္ဘာပေါ်ရှိလူသားများသည် ထိုဖြစ်တည်မှုများအားလုံးကို သိရှိ၍ ပြန်လည်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါသည်။ ၎င်းတို့ကို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှသာလျှင် လူသားများ(သို့) ဤကမ္ဘာလောကကြီး၌ အသက်ရှင်နေထိုင်လျက်ရှိသော သက်ရှိသတ္တဝါအားလုံးတို့သည် လူသားများနှင့် အတူတကွ ပျော်ရွှင်စွာ နေထိုင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အသိဉာဏ်အရှိဆုံးဖြစ်သော လူသားများသည် ဘုရားသခင်၏ဖန်ဆင်းခြင်း လက်ရာတော်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအမှုကို အကောင်းဆုံး ဆောင်ရွက်သွားရန် လိုပါသည်။ ၎င်းအရာနှင့်ပတ်သက်၍ ဘုရားသခင်၏ဖန်ဆင်းခြင်းဆိုသည်မှာအဘယ်နည်း၊ လူသားများကြောင့် ဖန်ဆင်းခြင်းလက်ရာများ ပျက်စီးယိုယွင်းလာခြင်း၊ ဖန်ဆင်းခြင်း လက်ရာတော်များကို ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည့် အချက်သုံးချက်ဖြင့် ရေးသားဖော်ပြသွားမည်ဖြစ်သည်။

၁။ ဘုရားသခင်၏ဖန်ဆင်းခြင်း

ဘုရားသခင်၏ ဖန်ဆင်းခြင်းဆိုသည်မှာ ယနေ့အသက်ရှင်လျက်ရှိနေသော လူသားများ၏မျက်စိဖြင့် မြင်တွေ့သော လောကအရာများထဲမှ သက်ရှိအရာအားလုံးသည် ဘုရားသခင်၏ဖန်ဆင်းခြင်းလက်ရာများပင် ဖြစ်သည်။ ကမ္ဘာဦးကျမ်းအခန်းကြီး ၁၊၂၊ ကိုဖတ်ရှုခြင်းအားဖြင့် သိမြင်နိုင်ပါသည်။ ဘုရားသခင်၏လက်ရာတော်သည် ကမ္ဘာပေါ်ရှိ မြေပေါ်မြေအောက်၊ သယံဇာတ ပစ္စည်းများ၊ တောတောင်သစ်ပင်များ၊ ကျေးငှက်တိရစ္ဆာန်များ၊ မြစ်ချောင်း၊ အင်းအိုင် ပင်လယ်သမုဒ္ဒရာများ၊ လေထုမြေထုရေထုနှင့် ဤကမ္ဘာအတွင်း မှီတင်းနေထိုင်ကြသော သက်ရှိသက်မဲ့ အားလုံးတို့ကိုဆိုခြင်း ဖြစ်သည်။ လူသားများအနေဖြင့် ဘုရားသခင်၏ဖန်ဆင်းထားသော လက်ရာတော်များကို သိရှိ၍ ထိန်းသိမ်းစောင့်ရှောက်ရန်သာ ဖြစ်သည်။ ထိုဖန်ဆင်းခြင်းများ ရေရှည်တည်တံ့ရန်အတွက် ၎င်းတို့အပေါ်ထား ရှိသော လူသားများ၏ ကိုယ်ကျင့်တရားအပေါ်၌ မူတည်နေပါသည်။ လူသားများအနေဖြင့် ကိုယ်ကျင့်တရားမှန်ကန်စွာ အသက်ရှင်ခြင်း၊ မှန်ကန်စွာ လုပ်ဆောင်ခြင်းရှိမှသာလျှင် ရေရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။

(က) ဘုရားသခင်၏ လက်ရာတော်နှင့်လူသားများ

ဘုရားသခင်၏ လက်ရာတော်နှင့် လူသားများဟုဆိုရာတွင် ဘုရားသခင် ဖန်ဆင်းထားသော လက်ရာတော်များအပေါ် လူသားများ၏ တွေးခြင်း၊ မြင်ခြင်း၊ သိရှိခံစားခြင်းပင်ဖြစ်သည်။ လူသားများအနေဖြင့် ဘုရားသခင်၏ဖန်ဆင်း လက်ရာတော်များကို မိမိအတွက်သာ ခံယူလျက် အသက်ရှင်ကြပါသည်။ ယနေ့အခြေအနေများကို ပြန်လည်သုံးသပ်လျှင် သစ်ပင်ကြီးများကို ခုတ်လှဲ၍ သုံးစွဲခြင်း၊ ရောင်းချခြင်း သဘာဝမြေများကို အလွန်အကျွံ ထွန်ယက် စိုက်ပျိုးခြင်း၊ ရေများကို အလွန်အကျွံအသုံးပြုခြင်း ရေသတ္တဝါများကို ဖမ်းယူ၍စားသောက်ခြင်း၊ မြေအောက်တွင်ရှိသော ရေနံများ၊ ကျောက်သံပတ္တမြားစသည့်တို့ကို ထုတ်ယူခြင်း စက်ရုံများစွာ ဆောက်လုပ်ခြင်း စသည့်သဘောတရားများ ယနေ့လူသားများ၏ အသိဉာဏ်အတွေးအခေါ်ထဲ၌ အသက်ရှင်၍ ကြီးထွားဖွံ့ဖြိုးလျက်ရှိနေပါသည်။ ထိုသို့ သော်အတွေးအခေါ်ရှိခြင်းအားဖြင့်လည်း ကမ္ဘာကြီးသည် ပူနွေးလျက် ဘေးအန္တရာယ် အမျိုးမျိုးဖြစ်ပေါ်လျက်ရှိပါသည်။

(ခ) ခရစ်ယာန်ရှုထောင့်

အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းခဲ့ပါသည်။ ကောင်းကင်မြေကြီးနှင့်တကွ ခပ်သိမ်းသောတန်ဆာတို့သည် ပြီးစီးလျက်ရှိသောအခါ နောက်ဆုံးတွင် မိမိ၏ပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျ်ားနှင့် လူမိန်းမကို ဖန်ဆင်းပြီးလျှင် အချင်းတို့များပြားစွာ မွေးဖွားကြလော့။ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့။ ပင်လယ်ငါးတို့ကိုလည်းကောင်း၊ မိုဃ်းကောင်းကင်ငှက်တို့ကိုလည်းကောင်း၊ မြေပေါ်မှာလှုပ်ရှားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုလည်းကောင်း အုပ်စိုးကြလော့ဟု မိန့်တော်မူခဲ့ပါသည်။ (ကမ္ဘာ ၁း၂၈)။

ဘုရားသခင်သည် လူသားများအား ဖန်ဆင်းသည့်အခါ မိမိပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားသဖြင့် လူသားများသည် အကောင်းအဆိုးကို ပိုင်းခြားဝေဖန်တတ်သော အသိဉာဏ်လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ပေးထားသည်။ ၎င်းအပြင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ တာဝန်ကိုပေးအပ်ခဲ့ပါသည်။ လူသားသည် ဘုရားသခင်၏သဏ္ဍာန်တော်ကိုဆန့်ကျင်သည့်အပြင် ပေးထားသော တာဝန်များကိုလည်းကျေပွန်စွာ မထမ်းဆောင်နိုင်ခဲ့ပါ။ ထို့ကြောင့် လူသားအချင်းချင်းမုန်းတီးခြင်း၊ ရန်ငြိုးထားခြင်း၊ စစ်တိုက်ခြင်း၊ သတ်ဖြတ်ခြင်းများနှင့် ရှုပ်ထွေးလာခဲ့ပါသည်။ လူသားတစ်ဦးနှင့်တစ်ဦး အကျိုးပြုလုပ်ဆောင်ရမည့်အစား ဖန်ဆင်းခြင်းလက်ရာတော်များကိုဖျက်ဆီးဖို့ရန်ကြံစည်လာကြပါသည်။ လူသားတို့၏ ဖောက်ပြန်မှုကြောင့် သဘာဝတရားသည်လည်း ဖောက်ပြန်လာပါသည်။ လေမုန်တိုင်းတိုက်ခြင်း၊ မြေငလျှင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ အစာရေစာငတ်မွတ်ခြင်းဘေးဒဏ်အမျိုးမျိုးခံစားရခြင်း စသည့်ပြဿနာများဖြစ်ပေါ်လာခဲ့ပါသည်။

၂။ လူသားများကြောင့် ဖန်ဆင်းခြင်းလက်ရာ ပျက်စီးယိုယွင်းမှု

ယနေ့ကမ္ဘာလောကကြီးထဲတွင် လူသားများ၏ လောဘ၊ ဒေါသ၊ မောဟနှင့် မသိနားမလည်မှု၊ လျစ်လျူရှုမှု စသည့်နေထိုင်မှုပုံစံများကြောင့် ဘုရားသခင်၏ လက်ရာတော်သည်ဆိုးရွားစွာ ပျက်စီးလာပါသည်။ ယနေ့လူသားများ၏ လုပ်ဆောင်မှုကြောင့် ကျွန်ုပ်တို့၏ နေထိုင်ရာကမ္ဘာကြီးသည် ပူနွေးလာသည့်အပြင် ၎င်းတို့အထဲ၌ အဆိုးရွားဆုံးရလဒ်သည် ရာသီ

ဥတု ဖောက်ပြန်ပျက်စီးခြင်း ရေခဲတောင်များ ပျောက်ဆုံးခြင်း၊ သစ်တောများနည်းပါးလာခြင်း၊ သဲကန္တာရများ ကျယ်ပြန့်လာခြင်း၊ မိုးကြိုးမုန်တိုင်း၊ သဲမုန်တိုင်းများ တိုက်ခတ်ခြင်းစသည့် အကျိုးဆက်များဖြစ်ပေါ်လာပါသည်။ လူသားများတို့၏ဆိုးသွမ်းမိုက်မဲမှုကြောင့် လူတို့ကိုအကျိုးပြုသည့် သစ်ပင်များ သတ္တဝါတိရစ္ဆာန်များသာမက လူအချင်းချင်းကိုပါ အသက်ဆုံးရှုံးနစ်နာပျက်စီးစေခဲ့ပါသည်။ ၎င်းအပြင် ပြင်းထန်သော စိတ်ခံစားမှုများကိုလည်း ဖြစ်ပေါ်လာခဲ့ပါသည်။ စိတ်ဓာတ်ကျခြင်း၊ မျော်လင့်ချက် ကင်းမဲ့ခြင်း၊ ကလေးသူငယ်များ မိဘမဲ့ဖြစ်ခြင်း၊ မိမိကိုယ်ကို ယုံကြည်မှုကင်းမဲ့လာခြင်း စသည့်စိတ်ပိုင်းဆိုင်ရာ ရောဂါဝေဒနာများကိုပါ ခံစားရပါသည်။

(က) လူသားများ၏တွေးခေါ်မှုများယွင်းမှုကြောင့်ဆိုးကျိုးများ

- သစ်တောများပြုန်းတီးလာခြင်းကြောင့် လူသားများ(သို့) သတ္တဝါအားလုံးအတွက် အောက်ဆီဂျင် လျော့နည်းလာသည့်အပြင် မြေဆီလွှာများပျက်စီး၍ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကြောင်းအထိ ထိခိုက်လျက်ရှိပါသည်။
- ဒီရေတောကဲ့သို့သော ကမ်းရိုးတန်းအကာအကွယ်ပေးသည့် အပင်များ ဖျက်ဆီးခြင်းကြောင့် မုန်တိုင်းရိုက်ခတ်မှုဒဏ်ကို တိုက်ရိုက်ခံစားလာရခြင်း ရေဝပ်မြေများဖြစ်ပေါ်လာခြင်း၊ လူနေမှုအသိုင်းအဝိုင်းများအား ပြောင်းရွှေ့နေရာချထားရခြင်း စသည့်ပြဿနာများဖြစ်ပေါ်လာပါသည်။
- ဓာတုပစ္စည်းများ အသုံးပြုသော စက်ရုံအလုပ်ရုံများသောကြောင့် အဆိပ်အခိုးအငွေ့များနှင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာပြီး လူသားများအတွက် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်လာပါသည်။

(ခ) ဖန်ဆင်းခြင်းလက်ရာများပျက်စီးရခြင်း၏ အရင်းအမြစ်

၁) နိုင်လိုမင်းထက်ပြုလိုခြင်း

နိုင်လိုမင်းထက်ပြုလိုခြင်းသည် ဘုရားသခင်၏ လက်ရာတော်ကို ဖျက်ဆီးခြင်း၏အဓိကအကြောင်းရင်းဖြစ်သည်။ တနည်းအားဖြင့် လူသား ပဓာနဝါဒကို ဦးစားပေးခြင်းကြောင့်ဖြစ်သည်။ ၎င်းတို့သည် အရာခပ်သိမ်းတို့သည် လူသားများအတွက် ဘုရားသခင် ဖန်ဆင်းပေးခြင်းဖြစ်သဖြင့် လူသားအကျိုးစီးပွားအတွက် စိတ်ကြိုက်ချယ်လှယ်နိုင်သည့် လူသားဗဟိုပြုဝါဒကို အခြေခံသဖြင့် သဘာဝတစ်ခုလုံးကို သားကောင်သဖွယ် ရှုမြင်နေကြသည်။ ထို့အပြင် နိုင်လိုမင်းထက်ပြုလိုခြင်းသည် သိမ်းပိုက်အနိုင်ယူခြင်းဝါဒ ဖြစ်သည်။ စကြာဝဠာတစ်ခုလုံးကို ဘုရားသခင်ကိုယ်စား နိုင်ကြပါနှင့် ထိန်းသိမ်းစောင့်ရှောက်ပါ (ကမ္ဘာဦးကျမ်း ၁း၂၈) ဆိုသည့်မိန့်ဆိုချက်ကို လူသား၏လက်ထဲသို့ စကြာဝဠာတစ်ခုလုံးအား လူသားစိတ်ကြိုက်ဖလှယ် သုံးဖြုန်းဖျက်ဆီးရန် အခွင့်အာဏာ အပ်နှံထားသည်ဟု လွဲမှားစွာ အနက်ဖွင့်ဆိုခြင်းကြောင့် နိုင်လိုမင်းထက်ပြုရခြင်းဖြစ်သည်။

အချို့သောခရစ်ယာန်များသည် နောက်ဆုံးသော ကာလ မနက်ဖြန် သန်ဘက်ခါရောက်ရှိလာမည်ဖြစ်သောကြောင့် မည်သည့်အရာကိုမျှ ဂရုစိုက်ရန်မလိုဟု ခံယူကြသည်။ အချို့ခရစ်ယာန်များသည် ဒွေ့သည်သီဩလော်ဂျီဖြင့် အသက်ရှင်ကြပါသည်။ ဤလောကမှာ ခဏမျှသာ လာရောက် လည်ပတ်သော ခရီးသွားဧည့်သည်အဖြစ် ခံယူသဖြင့် အိမ်ရှင်စိတ်ဓာတ် မရှိတော့ကာ မည်သည့်အရာကိုမျှ တာဝန်ယူဖြေရှင်းလိုမှုမရှိခြင်းများကြောင့် ဖန်ဆင်းခြင်း လက်ရာ ပျက်စီးလာခဲ့သည်။

၂) မသိနားမလည်ခြင်း

မသိနားမလည်ခြင်းသည် ဘုရားသခင်၏ လက်ရာတော် ပျက်စီးခြင်း၏ အကြောင်းအရင်းများထဲတွင် တစ်ခုဖြစ်သည်။ မသိနားမလည်ခြင်းဟု ဆိုရာတွင် အသိဉာဏ်ကင်းမဲ့ခြင်းဟု ဆိုပါသည်။ အသိဉာဏ် ကင်းမဲ့ခြင်း ဆိုသည်မှာ သစ်ပင်တစ်ပင်ခုတ်လျှင် လူတို့ကို ထိခိုက်သည့် ဆိုးကျိုးများကို နားမလည်ခြင်းများကို ဆိုလိုခြင်းဖြစ်သည်။ ထို့အပြင် အသိဉာဏ်ကင်းမဲ့တွင် ရည်ရွယ်ချက်ဖြင့် ထိန်းချုပ်ထားခြင်းမျိုးကြောင့်မသိရခြင်းမျိုးလည်းပါဝင်သည်။ ဥပမာ စီးကရက် ကြော်ငြာသူများသည် ဈေးကွက်တွင် ထိုးဖောက်နေရာယူနိုင်ရေးအတွက်သာ ပြောဆိုပြီး၊ စီးကရက်ကြောင့် ဖြစ်လာနိုင်သော ကြောက်မက်ဖွယ်ရောဂါများအကြောင်းကို ထည့်သွင်းကြော်ငြာခြင်းမပြုသည့်အခါ စီးကရက်၏ဆိုးကျိုးများကို မသိရှိနိုင်သည်မျိုးရှိတတ်သည်။ ဤသို့အကြောင်း မသိရှိနိုင်ခြင်းမျိုးကို ရည်ရွယ်ချက်ဖြင့် ထိန်းချုပ်ထားခြင်းဖြစ်သည်။

၃) လောဘ

လောဘစိတ်သည်လည်း ဘုရားသခင်၏ လက်ရာတော်များ ပျက်စီးခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပြဿနာ၏ အကြောင်းရင်းတစ်ခုဖြင့် ပါဝင်နေသည်။ လူသားများ ရယူသုံးစွဲမည့် သဘာဝတရားနှင့်သယံဇာတများသည် အကန့်အသတ်များဖြင့်သာ ရရှိနိုင်သော်လည်း လူသားများ၏ လောဘသည် မည်သို့မျှ ဖြည့်ဆည်း၍ မပြည့်နိုင်သောပင်လယ်သမုဒ္ဒရာကြီးနှင့်တူပါသည်။ ထို့ကြောင့် မဟတ္တမဂန္ဒီက ကမ္ဘာကြီးသည် လူသားများ၏လိုအပ်ချက်ကို ဖြည့်ဆွမ်းပေးနိုင်သော်လည်း လူသားများ၏ လောဘကိုမူ မည်သို့မျှဖြည့်ဆွမ်းပေးနိုင်မည်မဟုတ်ဟု ဆိုထားပါသည်။ ယနေ့ကမ္ဘာကြီးသည် လောဘကိုအခြေခံသော ပဋိပက္ခများဖြင့် ပြည့်နက်နေပါသည်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အသီးသီးတို့တွင် လောဘသည် နေရာယူထားခြင်းကြောင့် ဖန်ဆင်းခြင်းလက်ရာများ ပျောက်ကွယ်ရသည်။

၄) ဥပေက္ခာပြုခြင်း

ဥပေက္ခပြုခြင်းသည် စိတ်ဝင်စားမှုမရှိခြင်း (သို့) ဂရုမစိုက်ခြင်းဖြစ်သည်။ ဥပမာ ပတ်ဝန်းကျင်တွင်လိုအပ်ချက်များစွာ ရှိသော်လည်း အလေးထားဆောင်ရွက်မှုမရှိခြင်း၊ ဂရုမပြု

ခြင်းပင် ဖြစ်သည်။ မိမိသက်သာရာ သက်သာကြောင်း ကိုသာ ဦးစားပေးခြင်းဖြစ်သည်။ ထိုအရာကြောင့် ဖန်ဆင်းခြင်း လက်ရာများ ပျက်စီးရခြင်းဖြစ်သည်။

၅) နိုင်ငံရေးပေါ်လစီ

ဘုရားသခင်၏ လက်ရာတော်ပျက်စီးရခြင်း၏ အကြောင်းအရင်းတွင် နိုင်ငံရေးသည် အဓိက ကျလျက်ရှိပါသည်။ နိုင်ငံအတွင်း ဖွံ့ဖြိုးရေးအတွက် စီမံကိန်းများ စီးပွားရေးဇုန်များ၊ စီးပွားရေး ကုမ္ပဏီများ ဝင်ရောက်လာ ခြင်းကြောင့် အုပ်ချုပ်သူ အစိုးရမင်းများကြား အကျိုးတူပူးပေါင်းလုပ်ဆောင်ခြင်းများကြောင့် နိုင်ငံအတွင်း၌ရှိသော မြေပေါ်မြေအောက် သယံဇာတပစ္စည်းများနှင့် သဘာဝတရားကို စီးပွားရေးအကျိုးအမြတ်တစ်ခုအတွက် ရည်ရွယ်ပြီး လုပ်ဆောင်သောအခါတွင် ဘုရားသခင်၏ လက်ရာတော်များ ပျက်စီးရခြင်းပျောက်ကွယ်သွားရခြင်းဖြစ်သည်။

၃။ ဘုရားသခင်၏ဖန်ဆင်းခြင်းကို ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ခြင်း

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရာ၌ တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း အဖွဲ့အစည်း အနေဖြင့်သော်လည်းကောင်း စဉ်ဆက်မပြတ် လုပ်ဆောင်သင့်ပါသည်။ မိသားစုတစ်စုတွင် သစ်ပင်၊ ပန်းမာန်များ စိုက်ပျိုးခြင်း၊ အဖွဲ့လိုက်အနေဖြင့် အသေးစားသစ်တောများ ပြုစုပျိုးထောင်ရမည် ဖြစ်သည်။ ထိုပြင် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းထက် လူထုအသိပညာပေးခြင်း၊ မိမိပတ်ဝန်းကျင်၌ သုတေသနပြုလုပ်ခြင်း၊ စည်းဝေးများ ကျင်းပလုပ်ဆောင်ခြင်း၊ သဘာဝအရင်းအမြစ်များကိုထိန်းသိမ်းခြင်း၊ စီမံချက်များချမှတ်ဆောင်ရွက်ခြင်း၊ သဘာဝ အပေါ်ထားရမည့် ကျင့်ဝတ်များကို ရေးဆွဲပြဋ္ဌာန်းပေးခြင်းနှင့်သင်ကြားပို့ချပေးခြင်းတို့ကိုလုပ်ဆောင်သင့်ပါသည်။

(က) ဘုရားပေးတာဝန်

ဘုရားပေးတာဝန်ဟုဆိုရာတွင် ဘုရားသခင် လုပ်ဆောင်လိုသည့် လုပ်ငန်းများကို လုပ်ဆောင်ခြင်း ဖြစ်သည်။ လုကာ၁၀း၂၇တွင်သွန်သင်ချက်အရကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ရန် သွန်သင်ထားပါသည်။ ကိုယ်နှင့်စပ်ဆိုင်သောသူဟု ဆိုရာတွင် ဆင်းရဲချမ်းသာ ခွဲခြားခြင်း၊ လူမျိုးဘာသာမခွဲခြားခြင်း ကိုဆိုလိုခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် မိမိပတ်ဝန်းကျင်၌ရှိသော ဖန်ဆင်းခြင်းလက်ရာတော်များကို ချစ်ရန်ပြောနေခြင်းဖြစ် သည်။ ယုံကြည်သူများအနေဖြင့် ဖန်ဆင်းခြင်းလက်ရာများကိုချစ်မြတ်နိုးပြီးအသက်ရှင်ရှောက်လှမ်းရန် အထူးလိုအပ်ပါသည်။ ဖန်ဆင်းခြင်းလက်ရာများကို ချစ်မြတ်နိုးမှသာလျှင် ထိုလက်ရာများကို ပြုစုစောင့်ရှောက်နိုင်မည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့်လည်း ဖန်ဆင်းခြင်းကမ္ဘာ၌ ပို၍ပျော်ရွှင်စရာကောင်းသော ကမ္ဘာလေးကို လူသားများ ရရှိလာမည်ဖြစ်သည်။ ထိုသို့ရရှိရန်အတွက် လူသားတိုင်း အတူတကွ ပါဝင်၍ လုပ်ဆောင်ရန် လိုအပ်သည်။ ၄င်းနှင့် ပတ်သက်၍ အချက် (၄) ချက်ဖြင့် ဖော်ပြလိုပါသည်။

၁) ဖြစ်စေ (ကမ္ဘာ ၁ဝး၃)

ဘုရားသခင်က စကြဝဠာကြီးနှင့် ၄င်းအထဲမှအရာခပ်သိမ်းကို ဖန်ဆင်းသည့်အခါ ဖြစ်စေဆိုသည့် နှုတ်တော်ထွက်စကားတစ်ခွန်းအားဖြင့် အရာခပ်သိမ်းတို့ကို တည်ရှိစေခဲ့ပါသည်။ ထို့ကြောင့် ဖြစ်စေသည် မရှိခြင်းမှရှိခြင်းသို့ ပြောင်းလဲပေးခြင်းဖြစ်သည်။ ထိုစကားလုံးသည် တန်ခိုး ထက်မြတ်သော စကားလုံးဖြစ်သည်။ ဤဖြစ်စေသည် ပိုမိုကောင်းမွန်သော အခြေအနေသို့ တိုးတက်ပြောင်းလဲခြင်း ဆိုသည့် အဓိပ္ပါယ်ကို ဆောင်ပါသည်။ ဖြစ်စေဆိုသော စကားလုံးသည် ဘုရားသခင်က တစ်ကြိမ်တစ်ခါတည်းသာ ပြောသောစကားလုံး မဟုတ်ဘဲ ယနေ့အချိန်ထိ လူသားများကို ပြောနေသော စကားလုံး ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့ယုံကြည်သူ (သို့) ခရစ်ယာန်များသည် ဘုရားသခင် ဖန်ဆင်းခြင်းလက်ရာများကို မူလ ပင်ကိုယ်အတိုင်း ပြန်လည်ရရှိအောင် လုပ်ဆောင်ရမည်ဖြစ်သည်။

၂) နိုင်ကြလော့၊အုပ်စိုးကြလော့ (ကမ္ဘာ ၁း၂၈)

နိုင်ကြလော့၊အုပ်စိုးကြလော့ ဆိုသည့်စကားသည် မိမိ၏ပုံသဏ္ဌာန်နှင့်အညီ ဖန်ဆင်းပြီး ဘုရားသခင်ထံမှ အစွမ်းအစတချို့ ထည့်သွင်းထားခြင်းခံရသော လူသားအား မိမိဖန်ဆင်းသောစကြဝဠာနှင့် ၄င်းမှအရာခပ်သိမ်းကို ဘုရားသခင်ကိုယ်စား သစ္စာရှိစွာ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ပေးအပ်ခြင်း အဓိပ္ပါယ်ဖြစ်သည်။ လူသား၏စိတ်ဆန္ဒအတိုင်း ကြိုက်သလို ချယ်လှယ်ရန် အပြီးအပိုင်လွှဲအပ်သည့် အဓိပ္ပါယ်မဟုတ်ပါ။ ကမ္ဘာကြီး၏ ပိုင်ရှင် အစစ်အမှန်သည် ဘုရားသခင် တပါးတည်းသာ ဖြစ်သည်။ (ဆာလံ ၂၄း၁)။ လူသားများသည် ပိုင်ရှင်မဟုတ်ပါ။ ကိုယ်စားလှယ်များသာဖြစ်သည်။ လူသားများသည် ကိုယ်စားလှယ်များဖြစ်သောကြောင့် ပိုင်ရှင်၏စိတ်ဆန္ဒ အတိုင်း လုပ်ဆောင်ပေးရမည်ဖြစ်သည်။

၃) ပြုစုစောင့်ရှောက်ပါ (ကမ္ဘာ ၂ဝး၁၅)

ဘုရားသခင်သည်လူသားအား ဒေင်ဥယျာဉ်သို့ ခေါ်ဆောင်လျက် ထိုဥယျာဉ်အား ပြုစုစောင့်ရှောက်ရန် တာဝန်ပေးခဲ့ပါသည်။ ဒေင်ဥယျာဉ်သည် ကမ္ဘာကြီးနှင့် သဘာဝပတ်ဝန်းကျင်တစ်ခုလုံးကို ကိုယ်စားပြုလျက် ရှိပါသည်။ လူသားသည် မြေကြီး၏အစိတ်အပိုင်းဖြစ်သည်။(ကမ္ဘာ ၂း၇)။ ထို့ကြောင့် မြေကြီးကို တူးဆွပြု လုပ်လျက် အလုပ်လုပ်ကာ အသက်ရှင်ရန် ဘုရားသခင် ညွှန်ကြားထားပါသည်။ ပြုစုပါဟူသည့် အဓိပ္ပါယ်သည် ဥယျာဉ်မှူးတစ်ဦးကဲ့သို့ ကမ္ဘာကြီးကိုပြုစုရန်ဖြစ်ပြီး စောင့်ရှောက်ပါဟု ဆိုရာတွင် ရေရှည်တည်မြဲသော နည်းလမ်းဖြင့် ပြုစုခြင်း ထွန်ယက်စိုက်ပျိုးခြင်းကို ရည်ညွှန်းခြင်းကြောင့် ယနေ့ လူသားများသည် ဖန်ဆင်းခြင်းလက်ရာများကို ရေရှည်တည်မြဲသောနည်းလမ်းဖြင့် ပြုစုခြင်းစောင့်ရှောက်ရန်လိုသည်။

၄) သဘာဝတရားမှတစ်ဆင့် ငါ့အကြောင်းကို သိမှတ်ကြလော့ (ဆာလံ ၁၉း၁၂)။

ဖန်ဆင်းရှင်ဘုရားသခင်သည် သူဖန်ဆင်းထားသော စကြဝဠာနှင့် ၄င်းမှအရာခပ်သိမ်းတို့နှင့်ရောနှောခြင်းမရှိဘဲ သီးခြားတစ်နေရာ၌တည်ရှိသောဘုရားသဖွယ် နားလည်နိုင်စေရာ ရှိသော်လည်း အမှန်တွင်ဘုရားသခင်သည် သူဖန်ဆင်းထားသော စကြဝဠာနှင့် သဘာဝတရားထဲ၌ပင် တည်ရှိသောဘုရား ဖြစ်သည်။ ထို့ကြောင့် မိုယ်းကောင်းကင်သည် ဘုရားသခင် ဘုန်းအသရေတော်ကို ကြားပြော၍ မိုယ်းမျက်နှာကျက်သည် လက်ရာတော်နှင့် လုပ်ဆောင်သောအရာများကို ပြသသည်ဟု ဆိုပါသည်။ ဘုရားသခင်သည် သဘာဝတရားအားဖြင့် အလုပ်လုပ်ခြင်းဟုဆိုရာတွင် နားလည်မှုကွဲလွဲနိုင်ပါသည်။ နားလည်အောင်ဆိုရလျှင် ဖန်ဆင်းထားသောအရာများ၌ ဘုရားသခင် ကိုယ်တော်တိုင် ပါရှိသည်ဟု ဆိုခြင်းတွင် သစ်ပင်၊ တောင်ကုန်း၊ ရေတံခွန်၊ ကျောက်ဆောင်များ၌ ဘုရားရှိသည်ဟု ဆိုခြင်းမျိုး မဟုတ်ပါ။ ဆိုလိုသည်မှာ စကြဝဠာ၏အပြောင်းအလဲများ၊ ရာသီဥတုဖောက်ပြန်မှုများသည် လူသားများအတွက် ဖန်ဆင်းခြင်းဖြင့် ဘုရားသခင်စကားပြောခြင်းဖြစ်သည်။

(ခ) သဘာဝပတ်ကျင်ထိန်းသိမ်းခြင်း၏အကျိုးကျေးဇူး

ယနေ့လူသားအနေဖြင့် မိမိနေထိုင်ရာပတ်ဝန်းကျင်ဒေသအသီးသီးတွင် ဖန်ဆင်းခြင်းလက်ရာများကို အစဉ်အမြဲ ကြည့်ရှု၍ ထိန်းသိမ်းရန်လိုအပ်ပါသည်။ စည်းကမ်းမဲ့စွာအမှိုက်ပစ်ခြင်း၊ လွန်ကျွံစွာ သဘာဝတရားများကို ထုတ်ယူခြင်း၊ သစ်ပင်များကို ခုတ်ပစ်ခြင်း စသည့်တို့ကို လျှော့ချရန် လိုအပ်ပါသည်။ ၄င်းနှင့်ပတ်သက်၍ သစ်ပင်စိုက်ခြင်းသည် သစ်ပင်၏အကျိုးပြုခြင်းကို လူသားများခံစားရမည်ဖြစ်သည်။ သစ်ပင်သည် လူသားများအတွက် ရှူရှိုက်ရန် အောက်ဆီဂျင်ကို ထုတ်ပေးခြင်း ရေထုလေထုညစ်ညမ်းမှုကိုကာကွယ်ပေးခြင်း၊ ခရမ်းလွန်ရောင်ခြည်ကို လျှော့ချပေးခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကို အံတုနိုင်ခြင်း၊ ရေကုန်ဆုံးခြင်းကိုကာကွယ်ပေးခြင်း လူသားများ၏စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ခြင်း၊စသည်တို့ကို လူသားတိုင်းအတွက် အကျိုးပြုလျက်ရှိပါသည်။ ထို့ကြောင့် ယနေ့လူသားများသည် သဘာဝတရားများကို ထိန်းသိမ်းခြင်းနှင့်သစ်ပင်စိုက်ခြင်းအမှုများကို ပြန်လည်၍ တိုးချဲ့၍လုပ်ဆောင်ရန် လိုအပ်ပါသည်။

နိဂုံး

အသင်းတော်ရှိ ယုံကြည်သူများသည် ဘုရားသခင်၏ ဖန်ဆင်းလက်ရာများကို သိရှိခြင်းနှင့်တကွ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါသည်။ ဘုရားသခင်ဖန်ဆင်းထားသော လက်ရာများကို ပို၍ကောင်းမွန်စွာ ကြည့်ရှုစောင့်ရှောက်နိုင်စေရန်အတွက် မိမိ၏နေပုံ၊ထိုင်ပုံများကို မိမိကိုယ်တိုင် ပြောင်းလဲနိုင်ရမည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြစ်လည်း ထိန်းသိမ်းစောင့်ရှောက် အမှုတော်သာသနာ့လုပ်ငန်းကို ပို၍ထိရောက်စွာ လုပ်ဆောင်နိုင်မည်ဖြစ် သည်။ ၄င်းနှင့်ပတ်သက်၍...

- အသင်းတော်ရှိယုံကြည်သူများသည် ဖန်ဆင်းခြင်း လက်ရာများကို ချစ်မြတ်နိုးသူဖြစ်ရမည်။
- ဘုရားသခင်၏ဘဏ္ဍာထိန်းကောင်းများဖြစ်ရန် ဖန်ဆင်းခြင်းကို ထိန်းသိမ်းရမည်။
- တာဝန်သိခြင်းနှင့်တကွ သစ္စာရှိစွာဖြင့် အသက်ရှင်၍ ဖန်ဆင်းခြင်းကို စောင့်ရှောက်ရမည်။
- သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုပြီး မိမိကိုလည်း တိုးတက်ဖွံ့ဖြိုးစေသည့် သမာအာဇီဝကျသော လုပ်ငန်းများဖြင့် လုပ်ဆောင်ရမည်။
- သဘာဝပတ်ဝန်းကျင်ကို အမြတ်တနိုးတန်ဖိုးထားသည့် စိတ်သဘောထားဖြင့် အသက်ရှင်လျှောက်လှမ်းရမည်။
- သူတပါးနှင့် လက်တွဲ၍ ပတ်ဝန်းကျင် ပြဿနာများကို အတတ်နိုင်ဆုံးဖြေရှင်း၍ အသက်ရှင်ရမည်။
- ပုဂ္ဂိုလ်တစ်ဦးချင်းမှစ၍ အသင်းတော်၊လူမှုအဖွဲ့အစည်း၊ လူ့ဘောင်တစ်ခုလုံးနှင့် တစ်နိုင်ငံလုံးအထိ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး အသိတရားရှိလာစေရန် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဆင့်ဆင့် ရေခံမြေခံနှင့် ရေးဆွဲ၍ အကောင် အထည်ဖော်လုပ်ဆောင်ရမည်။

ထိုသို့လုပ်ဆောင်ခြင်းဖြင့် လူမှုဝန်းကျင်တစ်ရပ်လုံး တိုးတက်ပြောင်းလဲရုံမျှမက ဘုရားသခင် နှစ်သက်ဖွယ်သော လုပ်ငန်းကြီးတစ်ခုဖြစ်လာမည်ဖြစ်သည်။ ဤအတွက်ကြောင့် ယုံကြည်သူတိုင်း အတူတကွ ပူပေါင်းလုပ်ဆောင်ရန် လိုအပ်ကြောင်း ဖော်ပြရင်း နိဂုံးချုပ်လိုက်ပါသည်။

ချစ်ရင်ထူး

ကိုးကားစာအုပ်

- သီဩလော်ဂျီပညာဌာန ခရစ်ယာန်ကျင့်ဝတ် မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊(၂၀၁၅)။
- ထီးခူ ယနေ့အတွက် သာသနာ့စိန်ခေါ်ချက် မြန်မာနိုင်ငံခရစ်ယာန်ဓမ္မတက္ကသိုလ်၊ (၂၀၁၆)။
- ကေဇော်နန် ခရစ်ယာန်သာသနာပြုခြင်းအမြင်သစ် Genesis Media၊ (၂၀၁၄)

၁။ စောဝေလျှံဖြိုး
၂။ ချစ်ရင်ထူး
၃။ ၁၉.၃.၂၀၀၂
၄။ ဆောင်းပါး ဘာသာရပ်
၅။ကျွန်းညိုကြီးအသင်းတော်၊ရန်ကုန်-မအူပင်နယ်သာသနာ၊ပိုးကရင်နှစ်ခြင်းခရစ် ယာန်အဖွဲ့ချုပ်။
၆။ ဖူ့ဆမ်ဖေ့ါပိုးကရင်ကျမ်းစာကျောင်းဝင်း၊ဒုံရင်း၊ဘားအံ။
၇။ ၀၉- ၈၉၇၄၉၇၉၁၃



ခပ်သိမ်းသော trt&m

သိက္ခာတော်ရဆရာ အမ်ဂျာနော်

ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသောအရာတို့ကို ကြည့်ရှုလျှင် အလွန်ကောင်းသည်ကို မြင်တော်မူသည်။ (ကမ္ဘာ ၁း၃) ဟု အလေးထားဖော်ပြတယ်။

ထိုဖန်ဆင်းခြင်းအမှုပြုရာမှာ မိမိအလိုတော်ပြည့်စုံဖို့ ရည်ရွယ်ချက်ရှိတယ်။ ပြည့်စုံဖို့အတွက်ခပ်သိမ်းသော အမှုအရာကိုအချိန်တန်မှ ပြုတော်မူကြောင်းသတိမူမိပါသည်။

ဖန်ဆင်းရှင်ထာဝရဘုရား ပြုတော်မူသောအမှုဖြစ်၍ ကနဦး ဖန်ဆင်းခဲ့စဉ်ကလူသည် ဘုရားရှေ့တော်၌ သန့်ရှင်းဖြောင့်မတ်ခြင်းရှိတယ်။ဘုရားနှင့်အတူရင်းရင်းနှီးနှီး မိတ်သဟာယဖွဲ့ခြင်းရှိတယ်။ ဘုရားစကားကို နားထောင်နာခံမှု ရှိတယ်။ ဘုရားနဲ့လူ၊ လူနှင့်လူကြားအချင်းချင်း ချစ်ခြင်းနှင့်တန်ဖိုးထားခြင်းရှိတယ်။ လူထဲသို့ ဘုရားကမှုတ်သွင်းသော ထာဝရအသက်ရှိတယ်။ စောင့်ရှောက်အုပ်စိုးခွင့်ရှိတယ်။

အလွန်ကောင်းသော၊ သန့်ရှင်းသော ဖန်ဆင်းခံ တောတောင်၊ ရေမြေလေ၊ သက်ရှိသတ္တဝါအပေါင်းအား ဖျက်ဆီးခြင်း၊ ညစ်ညမ်းပျက်စီးစေခြင်းကို အလိုမရှိပါ။ မနှစ်သက်ပါ။ ထို့အပြင် သန့်ရှင်းကောင်းမွန်ရာ ဤကမ္ဘာမြေကြီးတပြင်လုံး၌ အချင်းချင်းညှင်းဆဲခြင်း၊ သတ်ဖြတ်ခြင်း၊ မတရားပြုခြင်းကို မပြုရဟု တားမြစ်ထားပါတယ်။

သို့သော်လည်း လူသည်ဘုရားရဲ့မိန့်မှာစကား ပညတ်ချက်များကိုမနာခံပဲ ချိုးဖောက်တယ်။ ဘုရားရဲ့ဆန္ဒ၊ အတ္တ၊ ဇာတိပကတိသဘောကို ရှေ့တန်းတင်၍ အသက်ရှင်တယ်။ ကောက်ကျစ်ကြံစည်တယ်၊ မတရားသောအမှု ပြုတယ်။ ထိုသို့စတင်အပြစ်ကျူးလွန်ချိန်ကတည်းမှ ယနေ့ထိတိုင်၍ ကမ္ဘာကြီးသည် သွေးစွန်းပုပ်စပ်၊ ညစ်ညမ်းပျက်စီးရာဆီသို့ တရွေ့ရွေ့ရောက်နေရလေပြီ။ အကျိုးဆက်မှာ မတရားသော လွှမ်းမိုးချယ်လှယ်ခြိမ်းခြောက်မှုကျယ်ပြန့်လာသလို ဆင်းရဲဒုက္ခများတို့နှင့်အတူ ကြောက်ရွံ့ထိတ်လန့်စိုးရိမ်ပူပန်၊ စိတ်ဖိစီးမှုသည်လည်း စိမ့်ဝင်ပြန့်နှံ့လာခြင်းပင်ဖြစ်တယ်။

ထို့ကြောင့် လူတွေရဲ့အတွေး၊ စိတ်ခံစားချက်မှ ဒီလိုဖြစ်ပေါ်လာတယ်။ အနာဂတ်မှာ ဘာတွေဖြစ်လာမလဲ။ ကျွန်ုပ်တို့ရဲ့အနာဂတ်က မသေချာဘူးဆိုတဲ့ စိတ်ပျက်အားငယ်၊ ပြောဆိုသံတွေထွက်ပေါ်လာတယ်။ တကယ်လည်း ထိုအသံတွေကို နေ့စဉ်ကြားနေရပါပြီ။ စိုးရိမ်ပူပန်မှုအပြည့်နှင့်ဖြစ်လတ့ံသောအနာဂတ်ကို မျှော်ကြည့်နေရတဲ့အချိန်ပါပဲ။ ဤအနာရောဂါငြိမ်းစေဖို့အတွက် မည်သို့ကုသမလဲ? ဘယ်လိုအဖြေရှာမလဲ၊ ပေးမလဲ။

ဒီလိုအခြေအနေ၌ ဒါဝိတ်မင်းကြီးအကြောင်းတွေးမိ၊ စဉ်းစားမိတယ်။ သူထွက်ပြေးခဲ့ရစဉ် (၂ရာ၊ ၁၅) က သူ့အတွက် အနာဂတ်မှာ မည်သို့ဖြစ်မည်ကို ဒါဝိတ်မသိခဲ့ပါ။ သူ့အနာဂတ်က မသေချာပါ။ သို့သော်သူကြောက်ရွံ့ခြင်း၊ စိုးရိမ်ပူပန်ခြင်းမရှိပါ။ အစမှအဆုံးအထိသိသော အရာအားလုံးကို ထိန်းချုပ်နိုင်သော ဘုရားသခင်လက်တော်ထဲသို့သူ့အနာဂတ်ကိုအပ်ထားပြီးစိတ်ချစွာနေခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ အလုံးစုံကိုဘုရားကထိန်းချုပ်နိုင်ကြောင်း သူ ယုံကြည်တယ်။ ထို့ကြောင့်ဘုရားသခင်ရဲ့စောင့်ရှောက်ပေးမှုနှင့် ကွယ်ကာမှုကိုတကယ်ခံစားခဲ့ရတယ်။ ငြိမ်သက်ခြင်းနှင့် စိတ်သက်သာရာကိုလည်းရခဲ့တယ်။ ဒါဝိတ်မင်းကြီးရဲ့ ယုံကြည်ခြင်းဖြင့်လုပ်ဆောင်မှုက အတုယူရမည့်အဖြေပါပဲ။

တကယ်တော့ ရှေးဖြစ်ဖူးသော၊ ယခုဖြစ်နေသော၊ နောင်ဖြစ်လတ့ံသောအရာတို့၌ ဘုရားအလိုတော်ကို သိမြင်ဖို့အတွက်ဘုရားသခင်က ကာလအဆက်ဆက် ပြုပြင်ပေးသော ပြောင်းလဲမှုကို လုပ်နေပါတယ်။

ဒေသနာကျမ်း (၃း၁-၁၄)မှာ ဘုရားသခင်က ခပ်သိမ်းသော ကောင်းစားခြင်းနှင့် ဆင်းရဲခြင်းတို့ကို မိမိအချိန်တန်မှ အလှည့် လှည့်ပေးတော်မူကြောင်းကို ဤသို့ဖော်ပြထားတယ်။

ခပ်သိမ်းသော အမှုအရာတို့သည် မိမိတို့အချိန်ရှိကြောင်း မိုယ်းကောင်းကင်အောက်၌ ကြံစည်သမျှအသီးသီးတို့ကို ပြုရသောအချိန်ရှိကြောင်း။

ထို့ကြောင့်–

- ဖွားချိန် နှင့် သေချိန်
- စိုက်ပျိုးရသောအချိန် နှင့် နုတ်ယူရသောအချိန်
- သတ်ရသောအချိန် နှင့် အနာပျောက်ရသောအချိန်
- ဖြိုရသောအချိန် နှင့် တည်ဆောက်ရသောအချိန်
- ငိုရသောအချိန် နှင့် ရယ်ရသောအချိန်
- ညည်းတွားရသောအချိန် နှင့် ကခုန်ရသောအချိန်
- ဖြန့်ကြဲရသောအချိန် နှင့် စုသိမ်းရသောအချိန်
- ဆည်းဖူးရသောအချိန် နှင့် ဥစ္စာပျောက်ရသောအချိန်
- ဘက်ယမ်းရသောအချိန် နှင့် ခွဲခွာရသောအချိန်
- သိုထားရသောအချိန် နှင့် ပစ်လိုက်ရသောအချိန်
- အဝတ်ကိုဆုတ်ရသောအချိန် နှင့် ချုပ်ရသောအချိန်
- တိတ်ဆိတ်စွာနေရသောအချိန်နှင့် စကားပြောရသောအချိန်
- ချစ်ရသောအချိန် နှင့် မုန်းရသောအချိန်
- စစ်တိုက်ရသောအချိန် နှင့် စစ်ငြိမ်းရသောအချိန်

လည်းရှိနေတယ်လို့ဖော်ပြထားတယ်။

ဒေသနာကျမ်း (၃း၁၁) နှင့် ဒေသနာကျမ်း (၁၂း၁၃) မှာ ရှောလမွန်မင်းကြီးကဤသို့သတိပေးကာအားပေးထားပါတယ်။ ငါ ဘုရားသခင်စီရင်တော်မူသောအမှုအရာတို့ကို အစမှအဆုံးထိတိုင်အောင် လူသည် စစ်၍ ဘုရားသခင်ကို ကြောက်ရွံ့လော့။ ပညတ်တော်ကို စောင့်ရှောက်လော့။

“အကြောင်းမူကား ဘုရားသခင်သည် ခပ်သိမ်းသော လျှို့ဝှက်ထားခြင်းမှစ၍ အလုံးစုံသောအမှု၊ ကောင်းမကောင်း ရှိသမျှတို့ကိုစစ်ကြော၍ တရားသဖြင့်စီရင်တော်မူလတံ့” ဟူ၍ ဖြစ်တယ်။ ဆက်၍ဖော်ပြလိုသည်မှာ သူသည်ဘုရားရှေ့တော်၌ ကောင်းသောသူ၊ ဖြောင့်မတ်သောသူ၊ ကိုးစားသောသူဖြစ်၍ ဘုရားရဲ့နှစ်သက်ခြင်းခံရတယ်။ အမြင့်ဆုံးဉာဏ်ပညာ၊ သိပ္ပံအတတ်၊ ဆည်းပူးသိုလှောင်ရသောအခွင့်၊ ဝမ်းမြောက်ရသောအခွင့်၊ ငြိမ်သက်ခြင်းရှိရသော အခွင့်တို့ကို ဘုရားသခင်က သူ့အား ပေးတော်မူခဲ့တယ်။

ဖန်ဆင်းရှင်ထာဝရဘုရားသခင်က ရွေးချယ်သောလူမျိုးတော်သည် မည်သည့်အမှုနှင့်ရင်ဆိုင်ရပါစေ၊ စိတ်ပျက်အားလျှော့စိုးရိမ်ပူပန်ကြောက်ရွံ့မှုမရှိဖို့၊ ဂတိတော်ကိုစွဲစွဲမြဲမြဲ ယုံကြည်ဖို့ ဤသို့ဖွင့်ပြခွန်အားပေးပါတယ်။

- ထာဝရဘုရား၏နှုတ်ကပတ်တရားမူကား ကာလအစဉ်အမြဲတည်၏။ (ဟေရှာ ၄၀း၈)
- ထာဝရဘုရားကိုမြော်လင့်သောသူတို့မူကားအားပြည့်ကြလိမ့်မည်။ (ဟေရှာ ၄၀း၃၁)
- ငါရွေးချယ်သောလူမျိုးတော်ကိုမပစ်ပယ်။

- မစိုးရိမ်နှင့်။ ငါသည်သင့်ဘက်မှာရှိ၏။
- မကြောက်နှင့်၊ ငါသည်သင့်ကိုခိုင်ခန့်စေမည်၊ စောင်မမည်၊ ထောက်ပင့်မည် (၄၁:၉-၁၃)
- ဖြစ်ဘူးသောအမှုတို့ကိုမအောက်မေ့ကြနှင့်၊ ရှေးကာလ၏အရာကိုပမာဏမပြုကြနှင့်။
- ကြည့်ရှုလော့၊အမှုသစ်ကိုငါပြုမည်။ယခုပေါ်လာလိမ့်မည်။ သင်တို့သည်အမှန်သိမြင်ရကြလိမ့်မည်။

ဘုရားသခင်ရဲ့ခိုင်းစေချက်အရ၊ ပရောဖက်ဟေရှာရ၏ဟောပြောချက်သည်လည်း ဧကန်အမှန်ဖြစ်လာခဲ့ပါတယ်။ ဘုရားသားတော်သူငယ်တော်ယေရှုခရစ်တော်မွေးဖွားလာမည်အကြောင်း၊သူသည်မည်သည့်သာသနာအမှုတော်လုပ်ငန်းကိုပြုမည့်အကြောင်း ပရောဖက်ဟေရှာရကကြိုတင်ဟောပြောခဲ့တယ်။

ပရောဖက်ဟေရှာယ၏ဟောပြောချက် (ဟေရှာ၁၁:၁-၁၀၊ ၆၁:၁-၃)နှင့်ဟေရှာယကျမ်းစာ၌ဖော်ပြတဲ့ခရစ်တော်၏နုတ် ထွက်စကား(လုကာ ၄:၁၈-၁၉ နာဇရက်ကြေငြာစာတမ်း)ကိုယဥ်တွဲဖတ်ရှုကြည့်လျှင်နှစ်ပေါင်း(၇၀၀)ကျော်တွင်ဟေရှာယ၏ထိုဟောပြောချက်သည် ခရစ်တော်ယေရှုအားဖြင့်ပြည့်စုံလာသည်ကိုမြင်တွေ့ရပါသည်။

ဟေရှာယ(၆၁:၁-၃)၌ဟေရှာယ၏ဟောပြောချက်နှင့်ခရစ်တော်ယေရှု၏နှုတ်ထွက်စကား(လုကာ ၄:၁၈-၁၉)နှစ်ခုစလုံးတွင် ယုံကြည်သူတို့ နာခံလိုက်လျှောက် လုပ်ဆောင်ရမည့်အမှုတို့ကို ဤသို့မိန့်မှာတော်မူထားတယ်။

“ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်၌ တည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အားဝမ်းမြောက်စရာသတင်းကိုကြားပြောစေခြင်းငှါငါ့ကိုဘိသိတ်ပေးတော်မူပြီ။ ကြေမွသောသူတို့၏အနာကိုပျောက်စေခြင်းငှါ၎င်း၊ဘမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့်မျက်စိကန်းသောသူတို့မျက်စိမြင်ပြန်ခြင်းအကြောင်းကိုပြစေခြင်းငှါ ၎င်း၊ညှဉ်းဆဲခံရသောသူတို့ကိုကယ်မစေခြင်းငှါ၎င်း၊ ထာဝရဘုရား၏မင်္ဂလာနှစ်ကာလကိုကြားပြောစေခြင်းငှါ၎င်း ငါ့ကိုစေလွှတ်တော်မူပြီဟုလာသတည်း။”

ဖော်ပြပါ - ဖန်ဆင်းရှင်ထာဝရဘုရား၊ ပရောဖတ်များတို့နှင့်ကယ်တင်ရှင်ခရစ်တော်ယေရှု၏နှုတ်ထွက်စကား (လုကာ ၄:၁၈-၁၉)ကို အထူးအလေးထားအာရုံပြု သိမှတ်ယုံကြည်၍အစေခံ လုပ်နေသော မြို့ပြကျေးလက်သာသနာပြုအဖွဲ့ သည်မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်ကောင်စီလုပ်ငန်းသွယ်တစ်ခု အဖြစ် ရှိနေပါသည်။ ဤ URMသည်၁၉၇၅ခုနှစ်မှ အစပြုပြီး၁၉၇၆ခုနှစ်မှစတင်၍ လက်တွေ့အစေခံခြင်းအမှုကို ယနေ့ထိတိုင်အောင်လုပ်ဆောင်နေဆဲပင်ဖြစ်ပါတယ်။ ထို့ကြောင့် အတူတကွ ဝိုင်းဝန်းလုပ်ဆောင်ဖို့ ဖိတ်ခေါ်ပါတယ်။

ခပ်သိမ်းသောအမှုအရာအလုံးစုသည်ဘုရား၏ အလိုတော်နှင့်အညီပြီးပြည့်စုံလာဖို့အတွက်တတ်စွမ်းနိုင်တော်မူသော ထာဝရလက်တော်ထဲသို့အပ်ထား၍ စိတ်ချစွာလုပ်ဆောင်အသက်ရှင်ကြပါစို့။

သိက္ခာတော်ရဆရာ အမ်ဂျာနော်

ဆက်သွယ်ရန်

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ
၆၀၁၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၂၅၅၃၉၈၉၁၈ / ၀၉၉၄၁၅၃၆၁၉၀
info@mccoikom.org
www.mccoikom.org



ကြော်ငြာကဏ္ဍ

MCC Sunday

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ တစ်လုံးတစ်ဝတည်း တနင်္ဂနွေနေ့ (M.C.C Sunday) ကို ဇန်နဝါရီလ၊ တတိယအပတ် တနင်္ဂနွေနေ့တွင် နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ကျင်းပပြုလုပ်ရန် (၈၇) ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးတွင် အားလုံးသဘောတူ သတ်မှတ်ဆုံးဖြတ်ခဲ့ကြပါသည်။ အဖွဲ့ဝင်အသင်းတော်များမှလည်း ၂၀၁၉-၂၀၂၀ နှစ်များတွင် စတင်ပြုလုပ်ခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ စဉ်ဆက်မပြတ် ဆက်လက်ပြုလုပ်ကြပါရန် တိုက်တွန်းနိုးဆော်အပ်ပါသည်။

Once and For All

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ အနာဂတ်လုပ်ငန်းစဉ်များအတွက် ပဒေသာပင် မတည်ရန် (Once and For All) အလှူငွေ ကောက်ခံရန်အလို့ငှာ (၈၇) ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးတွင် အားလုံးသဘောတူ ဆုံးဖြတ်ခဲ့ကြပါ သည်။ သို့ဖြစ်ပါ၍ အလှူတော်ငွေကို ဆက်လက် ပေးအပ် လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်း နှိုးဆော်အပ်ပါသည်။

အခန်းငှားရန်

မ.ခ.သ.က အဆောက်အဦး၏ (၅)လွှာတွင် အခန်းများ ငှားရမ်းရန် ရှိပါသည်။

၁၀ ပေ x ၁၅ ပေ (၃၀၀,၀၀၀) ကျပ်
၁၀ ပေ x ၁၂ ပေ (၂၀၀,၀၀၀) ကျပ်

ဆက်သွယ်ရန်
- ၀၉ - ၄၂၀၀၈၆၁၁၇ ၊ ၀၉ - ၇၉၉၆၆၉၀၇၉
- ၀၉ - ၇၉၅၈၁၉၇၅၁ ၊ ၀၉ - ၇၈၅၉၄၈၅၅၆

စိန့်ဖရန်စစ်အက်စီစီ

qawmi;arwm



ခရစ်တော်ဘုရား...

u ley u u , awm\ lir;cr;a&; t w u t o;jyawmrly/

rkef;wD;jcif; u cspfjcif;jzifh v n;aumi;

xdckduf½Itrm;jcif; u cGifhvTwfjcif;jzifh v n;aumi;

,HkrSm;oHo,jzpfjcif; u ,HkMunfjcif;jzifh v n;aumi;

pdwfysufatmifaEGh,Sufjcif; u arQmfvifhjcif;jzifh v n;aumi;

armifrdkufaESmif u tvif;jzifh v n;aumi;

aMumifhMuGrfaoG;ESufjcif; u 0rf;ajrmufjcif;jzifh v n;aumi;

wjyeei&e ce t m;a u ;Z;ay; o em;awmrly/

ခရစ်တော်ဘုရား...

u ley o n ESpfodrfhay;&ef txD; apmif;pm;ay;jcif;ukd rdrdESpfodrfhjcif; x u

ESpfodrfhay;jcif;tm; txD;apmif;pm;ay;&ef Mudk;pm;jcif; u v n a u m i ;

o l w p y ; u em;vnfay;jcif; x u

u ley u ? em;vnfay;&ef Mudk;pm;jcif; u v n ;aumi;jyei&e

u ley t m ; u l n awmrly/

t a l u m i ; r l u m ; ay;urf;jcif;jzifh o m v \ i u ley w &&d u l y ;

cGifhvTwfjcif;jzifh o m v \ i u ley w o n cGifhvTwfjcif;cH& u m

aoqHk;jcif;jzifh o m v \ i u ley w o n xm0&tou fodkY

arG;zGm;jcif; c l u &y apo w n ;/

အာမင်...